


ဗေဒင်အတတ်ပညာမှာနာမည်ကြီးတဲ့
ဂျစ်(ပ်)စီလူမျိုးများရဲ့
ရိုးရာဗေဒင်ပညာ

Gypsy Fortune Telling Cards

JULIA PARKER

ဓာဗ် (B.A)

# ဂျစ်(ပ်)စီဗေဒင်

# GYPSY FORTUNE TELLING CARDS

JULIA PARKER

# ဂျစ်ပ်စီ ဗေဒင်

စောစံ(B.A)

## ဒို့တာဝန် အရေးသုံးပါး

- ▸▸ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ▸▸ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ▸▸ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ▸▸ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ▸▸ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ▸▸ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ▸▸ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ▸▸ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ▸▸ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ▸▸ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ▸▸ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ▸▸ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ▸▸ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ▸▸ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ▸▸ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ▸▸ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ▸▸ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ▸▸ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ▸▸ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပြည့်လင်း
စီ စဉ် ထု တ် ေ ဝ သ ည် ။

တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ၀၁ - ၂၉၄၆၅၀

စာမူခွင့်ပြုချက်အမှတ် ■ ၄၀၀၂၀၀၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၄၀၀၂၉၄၀၃၀၇

ပထမအကြိမ်
၂၀၀၇ ခု၊ မတ်လ
အုပ်ရေ (၅၀၀)
တန်ဖိုး (၁၅၀၀ ကျပ်)

ထုတ်ဝေသူ ■ ဦးပြည့်လင်း
တံခွန်တိုင်စာပေ (ယာယီ ၁၁၁၅)
အမှတ် (၅၈)၊ ၉၃ လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့။

ပုံနှိပ်သူ ■ ဒေါ်ခင်စီ
မေတ္တာမိုးပုံနှိပ်တိုက် (၀၁၄၈၀)
အမှတ်-၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊ တာမွေ၊
ရန်ကုန်မြို့။

# မာတိကာ

| | |
|---|---|
| စကားဦး | ၆ |
| မူလထုတ်ဝေသည့်အကြိမ် အမှာစာ | ၇ |
| မြန်မာပြန် ပြုစုသူ၏ အမှာစကား | ၈ |
| ဒီစာအုပ်ကို စက်ဝိုင်းဖြင့် အသုံးပြုပုံ | ၁၀ |
| စာအုပ်ကို ဖဲချပ်များဖြင့် အသုံးပြုပုံ | ၁၁ |
| **အချစ်နှင့်ပတ်သက်လို့** | ၁၆ |
| အချစ်နှင့် ပတ်သက်တဲ့ မေးခွန်းများ | ၁၇ |
| အချစ်နှင့် ပတ်သက်တဲ့ မေးခွန်းရဲ့အဖြေများ | ၁၈ |
| **ဘဝနှင့်ပတ်သက်လို့** | ၅၈ |
| ဘဝနှင့်ပတ်သက်တဲ့ မေးခွန်းများ | ၅၉ |
| ဘဝနှင့်ပတ်သက်တဲ့ မေးခွန်းများရဲ့ အဖြေများ | ၆၀ |
| **ကံအခွင့်လမ်းနှင့် ပတ်သက်လို့** | ၁၀၂ |
| ကံအခွင့်လမ်းနှင့် ပတ်သက်တဲ့ မေးခွန်းများ | ၁၀၃ |
| ကံအခွင့်လမ်းနှင့် ပတ်သက်တဲ့ မေးခွန်းများရဲ့ အဖြေများ | ၁၀၄ |

## စကားဦး

ကျွန်မမှာ ချားလ်စ်တီသာလီ ဆိုတဲ့ ဦးလေးတစ်ယောက် ရှိပါတယ်။ သူက သတင်းစာသမားတစ်ယောက်ပါ။ သူ့မှာ ပညာရှာမှီးလိုသူတွေအတွက် ပြည့်စုံ စုံလင်တဲ့ စာကြည့်တိုက်ကလေး တစ်ခု ရှိပါတယ်။ ကျွန်မတို့ ဦးလေးဆီ အလည်အပတ် ရောက်ကြတဲ့အခါတိုင်း လူကြီးတွေက ရေဒီယိုနားထောင်သူက နားထောင်၊ နှစ်ယောက်တွဲ ဖဲကစားသူက ကစား ပြုလုပ်ကြတဲ့အခါ ကျွန်မကတော့ ကျွန်မအာရုံကို ညို့ငင်ဖမ်းစားထားတဲ့ စာအုပ်တွေနှင့်ပဲပေါ့။ တစ်နေ့တော့ ထူးထူးခြားခြား အပြာရောင်စာအုပ် တစ်အုပ် တွေ့ရတယ်။ ယခင့်ယခင်အခါတွေက မတွေ့ဖူး၊ မမြင်ဖူးသေးတဲ့ စာအုပ်ပေါ့။ အဲဒီတော့ ကျွန်မ စာအုပ်မှာပါတဲ့ မေးခွန်းတွေ မဆိုင်းမတွ မေးမိတော့တယ်။ ကျွန်မ မှတ်မိနေပါသေးတယ်။ မေးခွန်းတစ်ခုရဲ့ အဖြေကိုပေါ့။ ကျွန်မ နေချင့်စဖွယ်ကောင်းတဲ့ အိမ်တစ်လုံးမှာ နေရမယ်တဲ့ . . . ။ နှစ်တွေကြာသွားပြီးတော့ အဲဒီအတိုင်း မှန်ကန်နေတာကို ကျွန်မ တွေ့ရပါတယ်။ အဲဒီစာအုပ်ကို ရေးသားသူကတော့ ဂျစ်ပစီရစ်ခ်ဲ့ဝုဒ် ဆိုသူပါပဲ။ စာအုပ်ကို ထုတ်ဝေတဲ့ နှစ်ကတော့ ၁၉၂၇ ခုနှစ် ဖြစ်ပါတယ်။

ဂျူလီယာပါကား

## မူလထုတ်ဝေသည့်အကြိမ် အမှာစာ

ဒီစာအုပ်ကလေးကို အင်္ဂလိပ်စကားပြော ပရိသတ်အတွက် အင်္ဂလိပ်လို ပြန်ဆိုပေးလိုက်တဲ့ ရည်ရွယ်ချက်ကတော့ စာဖတ် ပရိသတ်အနေနှင့် ဒီစာအုပ်ကလေးမှတဆင့် အကြံကောင်း ဉာဏ်ကောင်းတွေ ရရှိမယ်လို့ မျှော်လင့်လို့ပါပဲ။ တကယ်လို့ အပျင်းပြေ သဘောထားမယ်ဆိုရင်လည်း အပျင်းပြေစရာ ပျော်တော်ဆက် ဖြစ်မှာပါ။

ဟောပြောတဲ့ နည်းလမ်းကတော့ သိပ်ကို ရိုးစင်း ရှင်းလင်းပါ တယ်။ တစ်နေရာမှတစ်နေရာ ခရီးလှည့်လည် သွားလာနေကြတဲ့ ဂျစ်ပ်စီလူမျိုးတွေ ရှေးပဝေသဏီကတည်းက အသုံးပြုခဲ့တဲ့ နည်းလမ်းပါ . . . ။ စက္ကူပေါ် ရေးချပြီး တွက်ချက်တဲ့နည်းနာတွေ မပေါ်မီကတည်းက ဂျစ်ပ်စီလူမျိုးတွေ သုံးခဲ့တဲ့ ဗေဒင်ဟောနည်း ပါပဲ။ မေးခွန်းရဲ့အဖြေကို အင်္ဂလိပ်လို ပြန်ဆိုရာမှာ ခေတ်မီအောင် အနည်းငယ် ပြုပြင်ထားပါတယ်။ အလေးအနက် ပြောချင်တာက တော့ မေးခွန်းရဲ့ အဖြေတွေ မှန်ကန်တိကျဖို့ရာ မေးခွန်းမေးသူက ဖြူစင်ရိုးသားဖို့ လိုပါတယ်။ မလျော်ကန်တဲ့ မေးခွန်းတွေကို မဆီ မဆိုင်မေးခြင်းအားဖြင့် ကချော်ကချွတ် အဖြေမျိုးသာ ရရှိတတ် ကြောင်း ပြောကြားလိုပါတယ်။

ဂျစ်ပ်စီရစ်ခ်ျဝုဒ်

## မြန်မာပြန် ပြုစုသူ၏ အမှာစကား

ဒီစာအုပ်ကလေးကို ကျွန်တော် မြန်မာပြန်ဆိုခဲ့တဲ့ ဂဏန်းဗေဒင်၊ အနှစ်ချုပ်ဂဏန်းဗေဒင်၊ သင်နှင့်သင့်လက္ခဏာ၊ အရှေ့တိုင်းအနောက်တိုင်းဂဏန်းဗေဒင် ပေါင်းချုပ်၊ နတ်မျက်စိ လက်ထောက်ဗေဒင် ပရိသတ်အတွက် အထူးရည်ရွယ်ပါတယ်။

U.K နိုင်ငံမှာ ၆ လလောက် နေရတဲ့အခိုက်မှာ ကျွန်တော့်ကို ညှို့ငင် ဖမ်းစားခဲ့တာကတော့ စာအုပ်တွေပါပဲ။ နှစ်သက်ဝါသနာပါတဲ့ ဘာသာရပ်စာအုပ် တွေအပြင် အင်္ဂလိပ်အဘိဓာန်တွေပါပဲ။ ဒါပေမယ့် ခက်တာက အလေးချိန် အကန့် အသတ်ကြောင့် သယ်ယူဖို့ရာမဖြစ်နိုင်ပါဘူး။ ပြီးတော့ တချို့စာအုပ်တွေဆိုရင် စာအုပ်ဆိုင်မှာ မရနိုင်တဲ့ စာအုပ်တွေပါ။ စာကြည့်တိုက်တစ်ခုမှာ အသင်းဝင်ထားပြီး ဖတ်၊ မှတ်၊ မြန်မာပြန် ကောက်နုတ်ယူရတာမျိုးတွေလည်း လုပ်ယူရတာရှိပါတယ် . . . ။ ထားပါတော့ . . . ။ ဒီစာအုပ်ကလေးကတော့ U.K မှာ ၆ လ လောက် နေခွင့်ရလို့ ကျွန်တော့်စာဖတ်ပရိသတ်အတွက် လက်ဆောင်ပါပဲ . . . ။

ဒီစာအုပ်ကလေးကို နှစ်မျိုးနှစ်စား ဗေဒင်မေးလို့ရအောင် စီစဉ်ထား ပါတယ်။ ဂျစ်ပ်စီလူမျိုးတွေဟာ ဗေဒင်အတတ်ကို ဝါသနာပါကြပြီး ရေကြည်ရာမြက်နုရာ ခရီးလှည့်လည်သွားလာနေကြတဲ့ လူမျိုးတွေပါ . . . ။ မူလနိုင်ငံရင်းကတော့ အိန္ဒိယနိုင်ငံ ဖြစ်ပါတယ်။ သူတို့ရဲ့ ဓလေ့သုံးဗေဒင်ဟောနည်းအတတ် ဖြစ်ပါတယ်။ ဖဲချပ်ကလေး တွေနှင့် ဟောပြောနိုင်သလို လက်ထောက်ဗေဒင်သဘောမျိုး အသုံးပြုလို့လည်း ရ ပါတယ်။

အပျင်းပြေသဘောမျိုး ဗေဒင်မေးမယ်ဆိုရင်လည်း အပျင်းပြေသဘော ဆောင်ပါလိမ့်မယ်။ ကိစ္စတစ်ခုအတွက် အလေးအနက်ထားပြီး စူးစမ်းမေးမြန်းတိုင်ပင် မယ်ဆိုရင်လည်း အံ့သြစရာကောင်းအောင် အထောက်အကူရပါလိမ့်မယ်။

မေတ္တာ စေတနာ ဖြင့်

လေးစားစွာ

## စာအုပ်ကို စက်ဝိုင်းဖြင့် အသုံးပြုပုံ

ပထမဦးဆုံး မိမိမေးလိုတဲ့ မေးခွန်းကို အချစ်ရေး၊ ဘဝနှင့် ပတ်သက်ပြီး၊ ကံအခွင့်အလမ်းဆိုတဲ့ အပိုင်းကြီးသုံးပိုင်းမှာ ရှာဖွေပါ. . . ။

မိမိမေးခွန်းရွေးပြီးပြီဆိုလျှင် မျက်စိမှိတ်ကာ ခဲတံကို ဝှေ့ရမ်းပြီး မေးခွန်းရဲ့အဖြေ တိကျမှန်ကန်စေသားလို့ ဆန္ဒပြုပြီး စက်ဝန်းတွင် ထောက်ချလိုက်ပါ. . . ။ ခဲတံဦးဖြင့် ထောက်မိရာ သင်္ကေတနှင့် ကိန်းဂဏန်းဟာ မိမိရွေးချယ်ထားတဲ့ အချစ်ရေး မေးခွန်း၊ ဒါမှမဟုတ် ဘဝနှင့် ပတ်သက်တဲ့မေးခွန်း၊ ဒါမှမဟုတ် ကံအခွင့်အလမ်းနှင့်ပတ်သက်တဲ့ မေးခွန်းရဲ့ အဖြေ ပါပဲ။

ဆိုလိုတာကတော့ မိမိရွေးချယ်တဲ့ အပိုင်းနှင့် စပ်ဆိုင်တဲ့ သင်္ကေတ ဂဏန်းကို ကြည့်မှသာ လိုအပ်တဲ့ အဖြေမှန်ရမှာ ဖြစ်ပါတယ်။ အချစ်ရေးကို မေးရင် အချစ်ရေးနှင့် ပတ်သက်တဲ့ ဆိုင်ရာအဖြေ၊ ဘဝနှင့်ပတ်သက်ပြီးမေးရင် ဘဝနှင့်ပတ်သက်တဲ့ ဆိုင်ရာအဖြေ၊ ကံအခွင့်အလမ်းကို မေးရင် ကံအခွင့်အလမ်းနှင့် ပတ်သက်တဲ့အဖြေကိုသာ ကြည့်ရှုရမှာ ဖြစ်ပါတယ်။

## ဒီစာအုပ်ကို ဖဲချပ်များဖြင့် အသုံးပြုပုံ


ဖဲချပ်တွေကို ကုလားဖန်နာနာထိုးပြီး စားပွဲပေါ်မှာ မြင်းခွါ (အင်္ဂလိပ်အက္ခရာ U ပုံ) ပုံ ခင်းကျင်းထားလိုက်ပါ။ မိမိမေးချင်တဲ့ မေးခွန်းကို အာရုံစူးစိုက်ထားပြီး ဖဲတစ်ချပ်ကို ဆွဲယူထုတ်လိုက်ပါ။ ဖဲချပ်နံပါတ်နှင့် အမျိုးအစားက (ဒေါင့်၊ ဟာ့တ်၊ ညှင်း၊ စပိတ်) မိမိမေးတဲ့ဆိုင်ရာမေးခွန်းရဲ့ အဖြေကို ညွှန်းဆိုပြသပါလိမ့်မယ်။

မေးခွန်းတွေ ဆက်ပြီး မေးမယ်ဆိုရင်တော့ ထုတ်ယူထားတဲ့ ဖဲချပ်ကို ပြန်သွင်းပြီး ကုလားဖန် ပြန်ထိုးရပါလိမ့်မယ်။ အချစ်၊ ဘဝ၊ ကံအခွင့်အလမ်း စသဖြင့် မေးခွန်းကို ထပ်မေးနိုင်ပါတယ်။

မိမိက ဖဲချပ်ကို ရွေးချယ်တာမျိုးမဟုတ်ဘဲ၊ ဖဲချပ်ကလေးတွေကသာ တကယ်တမ်း မိမိကို ရွေးချယ်တာဖြစ်ကြောင်း တွေ့မြင်သိရှိလာပါလိမ့်မယ်။ အဲဒီလိုသာဆိုရင် ဖဲချပ်ကလေးတွေကပေးတဲ့ ဖွင့်ဆိုရှင်းလင်းချက်တွေဟာ မိမိ မေးခွန်းနှင့် တကယ်နှီးနွှယ်စပ်ဆိုင်ရုံမကဘူး များစွာအထောက်အကူရပါမယ်။

မေတ္တာ စေတနာ ဖြင့်ချက်

စောစံ


K
7
J
2
J
10
7
10
7
6
7
9
10
3
5
3
2
3
5
Q
4
3
8
2
A
A
5
A
4
K
8
Q
5
J
2
10
9
NINE
9
NINE
J
6
9
NINE
6
Q
4
A
4
K
Q
K
8
8
9
NINE

# On Love

## "Even in Paradise it is not Pleasant to be alone"

Eastern Proverb

## အချစ်နှင့် ပတ်သက်လို့

သုခဘုံမှာပဲ ဖြစ်စေဦးတော့

တစ်ကိုယ်တည်း အထီးကျန်ဆိုရင်

မသာယာပါဘူး။

အရှေ့တိုင်းစကားပုံ

# *Concerning Love*

# အချစ်နှင့် ပတ်သက်လို့

# ?

၁။ လူတွေက ဘာလို့ ချစ်တာလဲ။

၂။ ယောက်ျားတွေက ကျွန်မကို ဘယ်လို သဘောထားသလဲ။

၃။ မိန်းမတွေက ကျွန်တော့်ကို ဘယ်လို သဘောထားသလဲ။

၄။ ဘယ်နှစ်ကြိမ် ချစ်ခွင့်ကြုံမှာလဲ။

၅။ ဆင်ကန်းတောတိုး ချစ်မိမှာလား။

၆။ ဘာလို့ ကျွန်မကို ချစ်တာလဲ။

၇။ ဘာလို့ ကျွန်တော့်ကို ချစ်တာလဲ။

၈။ အိမ်ထောင်ကျမှာလား။

၉။ ကိုယ်နှင့် စုံဖက်ရမည့်သူနှင့်ပတ်သက်ပြီး အထင်ကရအချက်။

၁၀။ ကျွန်တော့်ဘဝကြင်ဖော်မှန်း ဘယ်လို သိသာထင်ရှားမလဲ။

၁၁။ ကျွန်မဘဝကြင်ဖော်မှန်း ဘယ်လို သိသာထင်ရှားမလဲ။

၁၂။ တို့ကို သူ အလေးထားရဲ့လား။

၁၃။ မကြာမီ စေ့စပ်ကြောင်းလမ်းဖြစ်မှာလား။

၁၄။ စေ့စပ်ကြောင်းလမ်းတာကို သူငယ်ချင်းတွေက ဘယ်လိုသဘောရမလဲ။

၁၅။ မင်္ဂလာလက်ဖွဲ့တွေ အများကြီးရမှာလား။

၁၆။ ဘယ်သူက စိုးမိုးရမှာလဲ။

၁၇။ ခင်ပွန်းက ဘာလို့ မူပြောင်းနေတာလဲ။

၁၈။ ဇနီးက ဘာလို့ မူပြောင်းနေတာလဲ။

၁၉။ အိမ်ထောင်ကျပြီးရင် နောင်တရစရာ ကြုံရမှာလား။

## လူတွေက ဘာလို့ ချစ်တာလဲ

A♦ သင့်အပြုံးကြောင့်။
2♦ မချစ်ပါဘူး။ တကိုယ်ကောင်းဆန်လို့။
3♦ ပျော်ပျော်နေတတ်လို့။
4♦ အပြောကောင်းလို့။
5♦ အမြောက်အပင့်ကောင်းလို့။
6♦ ဟန်ဆောင်နေကြတာ။
7♦ မှီခိုအားကိုးရလို့။
8♦ မျက်နှာက ရိုးစင်းပြီး၊ ပညာတတ်လို့။
9♦ ဆွဲဆောင်မှုရှိလို့။
10♦ ကျန်းမာကြံ့ခိုင်လို့။
J♦ အောင်မြင်မှုကို သဘောကျလို့။
Q♦ ရုပ်ချောလို့။
K♦ ကိုယ်ရည်ကိုယ်သွေးက ညှို့အားကောင်းလို့။

A♥ ထိုက်တန်လို့။
2♥ ဒါက လူ့သဘာဝပဲ။
3♥ မချစ်ဘဲ မနေနိုင်လို့။
4♥ မနောချိုလို့။
5♥ လောကွတ်ကောင်းလို့။
6♥ အမူအယာကောင်းလို့။
7♥ အကောင်းမြင်တတ်လို့။
8♥ နှုတ်လုံလို့။
9♥ ကဗျာဆန်လို့။
10♥ ဗွေမယူတတ်လို့။
J♥ အသံကောင်းလို့။
Q♥ နားလည်မှုရှိလို့။
K♥ ကျွေးမွေးတတ်လို့။

## လူတွေက ဘာလို့ ချစ်တာလဲ

A♣ သူတို့ချစ်တယ်ဆိုတာ သံသယဖြစ်စရာပဲ။
2♣ တချို့တလေတော့ ဟုတ်ပါတယ်။ တချို့က မချစ်ပါဘူး။
3♣ မာယာကောင်းလို့။
4♣ တည်ငြိမ်အေးဆေးလို့။
5♣ သည်းခံတတ်တာကြောင့်။
6♣ ချစ်တယ်ဆိုတာ အပေါ်ယံကြောပါ။
7♣ သင်သံသယရှိတာ မသိကြလို့။
8♣ သင်နှင့် တွေ့ရင် ရယ်ရလို့။
9♣ သူတို့ အပေါ်လွှမ်းမိုးနိုင်စွမ်းရှိလို့။
10♣ ဆွဲဆောင်နိုင်စွမ်းရှိလို့။
J♣ သင့်မနေ့ာကောင်းလို့။
Q♣ မတွေ့ရရင် မနေနိုင်လို့။
K♣ ရိုးဖြောင့်တာကြောင့်။

A♠ သင် သဘောကောင်းတယ်ထင်လို့။
2♠ သင်က လွှမ်းမိုးထားနိုင်လို့။
3♠ အားကစားမှာထူးချွန်လို့။
4♠ အညာကိုကိုင်တတ်လို့။
5♠ သူတို့ကို ပျော်စေနိုင်လို့။
6♠ တာဝန်ဝတ္တရားကို သိတတ်လို့။
7♠ မနှမြောတတ်လို့။
8♠ ချေးပြီး ပြန်မတောင်းတတ်လို့။
9♠ သင့်အကြောင်းမသိလို့ပေါ့။
10♠ အကြွားကောင်းလို့။
J♠ ဆီးကြိုနှုတ်ဆက်တတ်လို့။
Q♠ ညို့မျက်လုံးကလေးတွေကြောင့်။
K♠ ချစ်ဖို့လဲ ကောင်းပေသကိုး။

## ယောကျ်ားတွေက ကျွန်မကို ဘယ်လိုသဘောထားသလဲ

A♦ လည်လွန်းတယ်တဲ့။
2♦ ဂုဏ်သိက္ခာကို ယုံတယ်။
3♦ သဘောကောင်းတယ်လို့။
4♦ စိတ်နေစိတ်ထားကို လေးစားတယ်။
5♦ ကြောက်နေကြတယ်။
6♦ သူတို့ကို ဖမ်းစားထားတယ်တဲ့။
7♦ ကရုဏာကို ကိုးစားကြတယ်။
8♦ သင့်အကြံဉာဏ်ကို အားကိုးကြတယ်။
9♦ ထင်သလောက် မဟုတ်ပါဘူးတဲ့။
10♦ မိတ်ကောင်းဆွေကောင်းတဲ့။
J♦ တကယ့်ကို စေတနာထားကြတာပါ။
Q♦ စည်းကမ်းကောင်းတာကို သဘောကျနေကြတယ်။
K♦ သတ္တိနှင့် ဩဇာကိုကောင်းချီးပေးနေကြတယ်။

A♥ အပြောချိုလွန်းတယ်တဲ့။
2♥ အပေါက်ဆိုးတာကို မကြိုက်ကြဘူး။
3♥ သူတို့ကို စိုးမိုးလွန်းတယ်တဲ့။
4♥ သူတို့ အကြိုက်ကို ဆောင်တတ်တယ်တဲ့။
5♥ အပြောလည်းချို မနောလည်းချိုတဲ့။
6♥ အကောင်းတကာ့ ထိပ်ခေါင်တင်တဲ့။
7♥ တစ်ခါတလေ ကြောင် တတ်တယ့်တဲ့။
8♥ မက်မောစရာလို့ ထင်နေကြတယ်။
9♥ အိပ်မက်နတ်မိမယ် တစ်ပါးတဲ့။
10♥ စွာတယ်တဲ့။
J♥ နှုတ်သီးကောင်းတယ်တဲ့။
Q♥ ရည်ရွယ်ချက်ကြီးသူတဲ့။
K♥ လှလွန်းဆွေတဲ့။

## ယောကျ်ားတွေက ကျွန်မကို ဘယ်လိုသဘောထားသလဲ

A♣ ယောင်နောက်ဆံထုံးပါစမြဲပါတဲ့။
2♣ ပေါ့ပေါ့တန်တန်ပါပဲ။
3♣ လေးလေးမြတ်မြတ်ပါပဲ။
4♣ သိပ်ဥာဏ်ကောင်းတယ်တဲ့။
5♣ တချို့ကတော့ သဘောကျတယ်။
6♣ အပျင်းဖြေ သဘောမျိုးပါပဲ။
7♣ တော်တော်များများက အရူးအမူးပဲ။
8♣ တကယ့်ကို ဆွဲဆောင်မှုရှိသတဲ့။
9♣ သင့်အားနည်းချက်ကို သူတို့သိထားကြတယ်။
10♣ စွဲမက်စရာကောင်းတယ်တဲ့။
J♣ မမျှော်ကိုးထိုက်ဘူးတဲ့။
Q♣ ခံစားနေကြရတယ်။
K♣ မနောဖြူသူကလေးတဲ့။

A♠ ရွှေသမင်အလိုက်မှားပြီတဲ့။
2♠ မာယာများလွန်းသူတဲ့။
3♠ အေးစက်တဲ့ မူရာရှင်တဲ့။
4♠ ရင်အေးစရာတဲ့။
5♠ အတောင်ကြိုးတဲ့ငှက်လို ဖြစ်မှာ စိုးနေကြတယ်။
6♠ မြင်ရရင် ကျေနပ်ပါပြီတဲ့။
7♠ ကောင်းစားတာကိုပဲ မြင်လိုကြတယ်။
8♠ ဘယ်လိုမှ မထင်ကြပါဘူး။
9♠ ဒူးထောက်ရချင် ထောက်ရပါစေတဲ့။
10♠ ဝေခွဲမရ ဖြစ်နေကြတယ်။
J♠ မင်းအကြောင်းကို သိချင်နေကြတယ်။
Q♠ သင် ထင်ထားတဲ့ အတိုင်းပါပဲ။
K♠ မသိဟန်ဆောင်လွန်းသူတဲ့။

## မိန်းမတွေက ကျွန်တော့်ကို ဘယ်လိုသဘောထားသလဲ

A♦ ရှာမှရှားတဲ့။
2♦ တွက်ရေးမှာ စက်သဒ္ဒေးတဲ့။
3♦ တကယ့်ကို ဆွဲဆောင်မှုရှိသတဲ့။
4♦ ဝေးဝေးက ရှောင်ရမယ်တဲ့။
5♦ သိပ်ရိုင်းတာပဲတဲ့။
6♦ သဘောကျပြီးရင်း ကျတာပါပဲတဲ့။
7♦ ယဉ်ကျေးပါပေတယ်တဲ့။
8♦ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်မယ်တဲ့။
9♦ မိတ်ဆွေကောင်းတစ်ယောက်တဲ့။
10♦ အကြံဉာဏ်တော့ကောင်းပါရဲ့၊ ဘယ်တော့မှ အသုံးမချဘူး။
J♦ လူကောင်းသူကောင်းပါပဲတဲ့။
Q♦ ခေတ်နောက်ကျလွန်းသူတဲ့။
K♦ စွဲမက်ဖွယ်ပါပဲတဲ့။

A♥ အံ့ဖွယ်ပါပဲတဲ့။
2♥ ဝေးဝေးရှောင်သွားတာကို လိုလားနေကြတယ်။
3♥ သဘောထားကြီးမြတ်သူတဲ့။
4♥ သတ္တိ သိပ်ကောင်းသူတဲ့။
5♥ ပေါကြောင်ကြောင်တဲ့။
6♥ သူတို့သဘောကို သိသူတဲ့။
7♥ အန္တရာယ်ကောင်တဲ့။
8♥ လျှို့ဝှက်လွန်းတယ်တဲ့။
9♥ ပျော်တတ်ပြီး အကောင်းမြင်တတ်သူတဲ့။
10♥ တကယ့်ကို ရှားမှရှားပါတဲ့။
J♥ ဒီ့ထက်စကားများများပြောစေချင်ကြတယ်။
Q♥ သင့်အကြောင်း ပြောမဆုံးပေါင် တောသုံးတောင်တဲ့။
K♥ သူတို့ကို ပြုစားထားတယ်တဲ့။

## မိန်းမတွေက ကျွန်တော့်ကို ဘယ်လိုသဘောထားသလဲ

A♣ တကယ့်ကြောင်ဖားတဲ့။
2♣ သိပ်လောကြီးတယ်တဲ့။
3♣ ကြွားလွန်းတယ်တဲ့။
4♣ အူကြောင်ကြောင်ပါပဲတဲ့။
5♣ တကယ့်ကို ရိုးတယ်တဲ့။
6♣ ကြာလေလေ သဘောတွေ့လေလေ။
7♣ စိတ်ပျက်စရာကောင်းတယ်တဲ့။
8♣ သစ္စာမရှိဘူးတဲ့။
9♣ ဂနာကို မငြိမ်ဘူးတဲ့။
10♣ တကယ်ပဲ လူနုံလူအတဲ့။
J♣ ထုံလွန်းတယ်တဲ့။
Q♣ ကပ်စေးနည်းလွန်းတယ်တဲ့။
K♣ မြတ်နိုးစရာ ကျောက်ဆစ်ရုပ်တစ်ရုပ်တဲ့။

A♠ စိတ်ကူးယဉ်သမားတဲ့။
2♠ ကိုယ်ကျိုးရှာလွန်းသူတဲ့။
3♠ ငူငူကြီးနေတာ မုန်းစရာတဲ့။
4♠ မေတ္တာထားကြပါတယ်။
5♠ မြှာပွေသူတဲ့။
6♠ ဆွဲဆောင်မှုတော့ရှိပါရဲ့ ဒါပေမယ့် မတည်ငြိမ်ဘူးတဲ့။
7♠ စိတ်ချမယုံကြည်ရဘူးတဲ့။
8♠ စိတ်ကူးယဉ်ဆန်လွန်းသူတဲ့။
9♠ သူတို့ကို စိတ်ဝင်စားအောင် လုပ်နိုင်တယ်တဲ့။
10♠ သင့်အမူအရာကို သူတို့ အကဲခတ်နေကြတယ်၊ တည်ငြိမ်ပါ။
J♠ စာအုပ်ကြီးသမားတဲ့။
Q♠ စွဲမက်စရာမကောင်းဘူးတဲ့။
K♠ စိုးရွံ့စရာလို့ထင်နေကြတယ်။

## ဘယ်နှစ်ကြိမ် ချစ်ခွင့်ကြုံမှာလဲ

A♦ ဘဝတစ်လျှောက်လုံး တစ်ကြိမ်တည်းပါပဲ။
2♦ နေရာသစ်ရောက်လေတိုင်းဆိုပါတော့။
3♦ မကြာခဏပဲ၊ ခဏခဏ အသည်းကွဲရမယ်။
4♦ စောစောပိုင်းတစ်ကြိမ်၊ အသက်နှောင်းပိုင်းမှာတစ်ကြိမ်။
5♦ ကျောင်းမှာစပြီး ချစ်ခွင့်ကြုံမယ်။
6♦ ဘယ်တော့မှ နှိုက်နှိုက်နဲနဲ မချစ်ပါနှင့်။
7♦ အရွယ်နှောင်းတော့မှပဲ ချစ်ခွင့်တစ်ခါကြုံမယ်။
8♦ ဆုံးဖြတ်ချက်ကောင်းကောင်းမချမီမှာတစ်ကြိမ်။
9♦ သွေးအေးသူဆိုတော့ ကိုယ့်ကိုယ်ကိုပဲချစ်ပါအုံး။
10♦ တည်ငြိမ်အေးဆေးတဲ့ သင့်အမူအကျင့်ကို လူတိုင်းကနှစ်သက်တယ်။
J♦ တစ်ယောက်တည်းနေတာက ပိုကောင်းတယ်။
Q♦ ခဏခဏပဲ၊ ဒါပေမယ့်အကျိုးမရှိဘူး။
K♦ သင့်မှာ သစ္စာရှိတဲ့နှလုံးသားရှိတယ်။

A♥ သင်ဟာ အချစ်ကိုအမြဲရှာဖွေနေသူပဲ။
2♥ နောက်ဆုံးအချစ်ဟာ ထာဝရအကောင်းဆုံးပဲ။
3♥ သင်ဟာ တစ်ကိုယ်တည်းနှင့်အထီးကျန်နေရမယ်။
4♥ သင်ဟာ ဟိုသည်ခုန်ကူးနေတာပဲ။
5♥ မကြာတော့ဘူး၊ ချစ်ရခွင့်ကြုံတော့မယ်။
6♥ မကြာခဏပါပဲ၊ ဒါပေမယ့် ရေတိုပဲဖြစ်မယ်။
7♥ သင့်ဓလေ့စရိုက်က သစ္စာရှိတော့ အကြိမ်နည်းနည်းပါပဲ။
8♥ သင့်အစီအစဉ် အဆင်ပြေတဲ့အခါတိုင်းချစ်ခွင့်ကြုံမယ်။
9♥ သင်ကတော့ စံချိန်ကျိုးလောက်အောင်ပဲ။
10♥ ခရီးသွားရင်း . . . တစ်ကြိမ်ပေါ့။
J♥ သင်ထင်သလောက်အကြိမ်မများဘူး။
Q♥ ချစ်ခွင့်ကြုံရကံနီးပြီး။
K♥ တောင်အရပ်ကိုသွားရင် သုံးကြိမ်ကြုံရမယ်။

## ဘယ်နှစ်ကြိမ် ချစ်ခွင့်ကြုံမှာလဲ

A♣ မျက်ဝန်းနက်တဲ့သူကို မရှောင်လွှဲနိုင်ပါဘူး။
2♣ မကြာခဏပဲ။
3♣ တစ်ယောက်ပြီးတစ်ယောက်ပေါ့။
4♣ အဲဒီလို လုပ်ရတာကိုသင်ကကျေနပ်တာကိုး။
5♣ မြောက်ဘက်အရပ်မှာ နှစ်ကြိမ်။
6♣ လေးကြိမ်၊ မိုက်မဲစွာပဲ။
7♣ မကြာခဏပဲ၊ စိတ်ဆင်းရဲစွာ။
8♣ တစ်နှစ်စောင့်ပါ။
9♣ ဖြေးဖြေးပေါ့။
10♣ ချစ်သူဆိုတာအိပ်မက်လိုပဲ၊ ရောက်လာလိုက်ပျောက်သွားလိုက်။
J♣ အခု အချစ်တွေ့နေပြီပဲ။
Q♣ အလို အမှတ်မရှိသေးဘူးလား။
K♣ အကြိမ်ကြိမ်ပါပဲ။

A♠ အချစ်ရေးမှာ အမြဲတမ်း ကံခေတယ်။
2♠ ချစ်ခွင့်မကြုံလေကောင်းလေ။
3♠ အချစ်ရေးကိုမေ့ထားလိုက်တာ အကောင်းဆုံး။
4♠ မရေတွက်နိုင်အောင်ပဲ။
5♠ အချစ်ရေးမှာ လောဘကြီးလွန်းတာကိုး။
6♠ ချစ်ရတာနှင့်မမျှ စိတ်ဆင်းရဲရမယ်။
7♠ မချစ်ချင်စမ်းနဲ့ ရူးတတ်တယ်။
8♠ ချစ်ခွင့်ကြုံခဲ့ပြီးပါပကော၊ကြာပြီလေ။
9♠ အရမ်းချစ်လွယ် ကြိုက်လွယ်တာကိုး။
10♠ ရေကြောင်းခရီးမှာ ခဏခဏကြုံရတတ်တယ်။
J♠ တစ်ယောက်တည်းကို နှစ်ကြိမ်ချစ်ခွင့်ကြုံမယ်။
Q♠ အတိတ်ကို သတိရပါ။
K♠ တစ်ကြိမ်လောက်ပါပဲ၊ ဒဏ်ရာက ပြင်းထန်မယ်။

## ဆင်ကန်းတောတိုး ချစ်မိမှာလား

A♦ သေချာတာပေါ့၊ မတွေ့အောင်ရှောင်ပါ။
2♦ မဖြစ်ပါဘူး၊ သင်ကမှ ဝိုးတဝါးတားမဖြစ်တာ။
3♦ သင်က အဲဒီလိုမှကြိုက်တာကိုး၊ သတိရှိပါ။
4♦ သင်က အကင်းပါးပြီးသားပဲ။
5♦ သင်ကောင်းကောင်းဆုံးဖြစ်နိုင်ပါတယ်။
6♦ ဟုတ်တယ်၊ သင်ကမိုက်ကန်းတာကိုး။
7♦ ဆင်ကန်းတောတိုးတာ အချစ်မဟုတ်ဘူး။
8♦ ဟုတ်တယ်၊ ဒါပေမယ့် ပြဿနာမရှိဘူး။
9♦ မဟုတ်ပါဘူး။
10♦ ကံတရားက သင့်ဘက်မှာပါ။
J♦ သင်ကမျက်စိကို စုံမှိတ်ထားတာကိုး။
Q♦ ဒီအဖြစ်မျိုးနဲ့ မကြုံနိုင်ဘူး။
K♦ မေ့ထားလိုက်ပါတော့။

A♥ အဲဒီလူက ခပ်ကောင်းကောင်း။
2♥ ကိုယ်ပါမှဖြစ်တာပါ။
3♥ မဖြစ်အောင် ကြိုးစားရှောင်။
4♥ သင်လား၊ မဖြစ်ပါဘူး။
5♥ သင်ကျေနပ်ရင် ပြဿနာမရှိပါဘူး။
6♥ ဟင့်အင်း၊ သင်က လူတကာကိုသံသယရှိနေတာ။
7♥ မျက်စိကို ခဏခဏပိတ်ထားတာကိုး။
8♥ မဖြစ်ချင်ရင် ဆုံးဖြတ်ချက်ကိုပြင်။
9♥ တစ်ကိုယ်ကောင်းဆန်ပြီး ဆင်ကန်းတောတိုးမလုပ်နဲ့။
10♥ သင်အဲဒီလိုမဖြစ်ပါဘူး။
J♥ ဆိုးဆိုးရွားရွားကြီး မဖြစ်ပါဘူး။
Q♥ စိုးရိမ်ပူပန်လွန်းတာကိုး။
K♥ သင်စဉ်းစားနေတာက တစ်ယောက်။

## ဆင်ကန်းတောတိုး ချစ်မိမှာလား

A♣ သင် အဲဒီလောက်မမိုက်ပါဘူး။
2♣ ကြပ်ကြပ် သတိထားရှောင်။
3♣ ကြောက်စရာမရှိပါဘူး။
4♣ ဒီကိစ္စမှာ သင်ကလည်း မိုက်မိုက်ကန်းကန်းပါပဲ။
5♣ တကယ်ချစ်တယ်ဆိုတဲ့သူဟာ ဆင်ကန်းတောတိုးလိုပါပဲ။
6♣ လတ်တလောကိုကြည့်ပြီး သတိနှင့်နေ။
7♣ သင့်မှာ မျက်စိပါတာပဲ။
8♣ လှတာတစ်ခုတည်းကို မကြည့်နှင့်၊ မှားမယ်။
9♣ သင့်စိတ်က တခြားကိုရောက်နေတယ်။
10♣ မကြီးကျယ်နှင့်၊ သင်ကြုံဖူးပြီးပြီ။
J♣ ဟင့်အင်း၊ တွေဝေသွားရုံလောက်ပါပဲ။
Q♣ မျက်မှန်စိမ်းတပ်ပြီး မကြည့်နှင့်ပေါ့။
K♣ သင် အဲဒီအဖြစ်မျိုးနှင့် မကြုံပါဘူး။

A♠ သနားရာက စသွားတာမျိုး။
2♠ ဒီအတိုင်းသာနေ၊ ဂုဏ်ကျက်သရေ မညှိုးစေနှင့်။
3♠ မဖြစ်ပါဘူး။
4♠ ချင့်ချိန်စဉ်းစားပါ၊ စိစစ်ပါ။
5♠ ဆင်ကန်းတောတိုးဆိုတာ ကောင်းတာမှမဟုတ်တာ။
6♠ အဲဒီလို ဖြစ်တာက သင်ကောင်းဖို့ပဲ။
7♠ အဲဒါကို အဲဒီလောက်နှင့် ရပ်ထားလိုက်တော့။
8♠ အားလုံး အဆင်ပြေပါတယ်။
9♠ သင် ဘာလုပ်တယ်ဆိုတာကို သင် မစိစစ်ဘူး။
10♠ တမူထူးပြီး တွေ့တတ်တယ်။
J♠ မကြာခဏ ကြုံရတတ်တယ်။
Q♠ ကြုံရလိမ့်မယ်၊ တာရှည်တော့ မဟုတ်ဘူး။
K♠ ဆင်ကန်းတောတိုးသလို မလုပ်ပါနှင့်။

## ဘာလို့ ကျွန်မကို ချစ်တာလဲ

A♦ မရည်ရွယ်ဘဲ ဖြစ်သွားတာ။
2♦ ဥစ္စာနေကြောင့်ပေါ့။
3♦ ဆွဲဆောင်မှုရှိလို့ပေါ့။
4♦ ပျော်ပျော်ရွှင်ရွှင် နေတတ်လို့။
5♦ စိတ်နေစိတ်ထားကောင်းလို့။
6♦ အေးဆေးတည်ကြည်လို့။
7♦ သူ့အကြိုက်ကိုဆောင်လို့။
8♦ သူ့အကြိုက်ဖြစ်လို့။
9♦ အခြားသူတွေလိုပဲ သင့်ကိုကြိုက်လို့။
10♦ သူ့အပေါ် ကောင်းလွန်းတာကြောင့်။
J♦ သူ့ရဲ့ အထီးကျန်ဘဝကလေးကို နှစ်သိမ့်ပေးလို့။
K♦ သူ့မျှော်မှန်းချက်တွေကို အားပေးလို့။
Q♦ တွေ့ဖန်ကြုံဖန်များတာကြောင့်။

A♥ ဘဝကို မြင်တတ်ပုံကိုသဘောကျလို့။
2♥ အမှန်တော့ နောက်တစ်ယောက်ကို ပိုချစ်တာ။
3♥ အပြောကောင်းတာကို သဘောကျလို့။
4♥ သူ့ရဲ့ဂုဏ်သတင်းကို သင်ချီးမွမ်းလို့။
5♥ နောက်ထပ်ချစ်ရမယ့်သူ ရှာမတွေ့လို့။
6♥ သင့်ကြောင့်ပဲလေ။
7♥ အကြောင်းအချက်တွေ အများကြီးရှိလို့ပေါ့။
8♥ လှလို့။
9♥ သဘာဝကို ခံစားတတ်သူမို့။
10♥ ခုခါမှာ သူ့မှာ ကူကယ်ရာမဲ့ဘဝရောက်နေလို့။
J♥ သင်က အပြုအစု ကောင်းတာကိုး။
Q♥ သူက လှတာကိုမှကြိုက်တတ်လို့။
K♥ တမူထူးတယ်လို့ သူ့စိတ်ထဲထင်နေတာကြောင့်။

## ဘာလို့ ကျွန်မကို ချစ်တာလဲ

A♣ တော်လည်းတော်၊ ယုံလည်းယုံကြည်ရလို့။
2♣ လှတာကြောင့်တော့ မဟုတ်ဘူး။
3♣ လက်တွေ့ကျတယ်ထင်လို့။
4♣ အိမ်ထောင်မှု ထိန်းသိမ်းကောင်းတဲ့သူတစ်ယောက်လိုချင်လို့။
5♣ မျက်နှာမများချင်တော့လို့။
6♣ သူနှင့် ဉာဏ်ရည်တူတယ်ထင်လို့။
7♣ နုငယ်ပျိုမျစ်တာကြောင့်။
8♣ တခြားယောက်ျား တစ်ယောက်ထံကလုယူချင်လို့။
9♣ အများနှင့်မတူတာကြောင့်ပဲ။
10♣ ဘဝခရီးဖော်ကောင်း တစ်ယောက်လိုချင်လို့။
J♣ သင်က သူ့ဘက်က ရပ်တည်ပါများလို့။
Q♣ သင်တစ်ယောက်ကိုပဲ အရူးအမူးချစ်လို့။
K♣ တမူထူးလို့ပေါ့။

A♠ ကြာမြင့်စွာ ပေါင်းသင်းဆက်ဆံခဲ့လို့။
2♠ သင်နှင့်ပေါင်းစည်းရတာ သူ့သဘောကျလို့။
3♠ သူ့ဘဝမှာ သင်ဟာ တမ်းမက်စရာတစ်ခုဖြစ်လို့။
4♠ ပထမဇနီးကို အစားထိုးဖို့။
5♠ သင်က အညာကိုကိုင်လိုက်တာကိုး။
6♠ ဘယ်သူ့မှ ရှင်းမပြတတ်ဘူး။
7♠ သင့်ညှို့အားကြောင့်။
8♠ လိုက်ဖက်တယ်လို့ သူထင်လို့။
9♠ သင်ကံကောင်းဖို့ဖြစ်လာတာ။
10♠ သူ့ဘဝမှာ သင်ဟာစိတ်ကူးယဉ်စရာတစ်ခုတည်းသော အရာမို့။
J♠ သင်နှင့်တွေ့ရတာ သူ့အဖို့ထူးခြားလို့။
Q♠ မတွေ့ရရင် မနေနိုင်လို့ပေါ့။
K♠ ငယ်သူချင်းမို့။

## ဘာလို့ ကျွန်တော့်ကို ချစ်တာလဲ

A♦ သနားခြင်းနှင့်ချစ်ခြင်းက ဆွေမျိုးတွေမို့။
2♦ သင့်ကိုချစ်တာမဟုတ်ဘူး၊ လေးစားတာပါ။
3♦ အလားအလာကောင်းတဲ့ သူတစ်ယောက်ဖြစ်လို့။
4♦ သင့်ရဲ့ အူလှိုက်သည်းလှိုက်အမူအရာကြောင့်။
5♦ သင့်ရဲ့ ဆုံးဖြတ်ချက်တွေကို ယုံကြည်သူဖြစ်လို့။
6♦ သူမက အရေအတွက်ထက်အရည်အချင်းကိုဦးစားပေးလို့။
7♦ အခြားသူတွေက သင့်ကိုမနှစ်သက်လို့။
8♦ သူက အောင်မြင်မှုကို နှစ်မြို့တယ်။
9♦ သင့်ရဲ့စာနာမှုကို သူမကဆွဲဆောင်တယ်။
10♦ သူမက သင့်ကိုချစ်တာ မသေချာသေးဘူး။
J♦ သင်က သူ့ကိုဥပေက္ခာပြုလို့။
Q♦ တခြားချစ်စရာရှာမတွေ့လို့။
K♦ အနေနီးစပ်သွားတာကြောင့်။

A♥ သင့်ရဲ့ ခန့်ညားတဲ့ အမူအရာကိုသဘောကျလို့။
2♥ သင်ဟာသူ့ရဲ့ နောက်ဆုံးအခွင့်အလမ်းဖြစ်လို့။
3♥ သင့်ကိုသူမြတ်နိုးနေတာ ကြာလှပေါ့။
4♥ သင့်ထံက တစ်စုံတစ်ရာမျှော်ကိုးလို့။
5♥ သင့်အားနည်းချက်တွေကို အတွက်အဆမှားလို့ပေါ့။
6♥ သင်က အရင်လူထက်စာရင် ကွာခြားလို့။
7♥ သင့်ရဲ့ ကျွမ်းကျင်တဲ့ဦးဆောင်လမ်းပြမှုကို သဘောကျလို့။
8♥ သင့်ရဲ့ ပါရမီခံကောင်းကြောင့်။
9♥ သူမက သင့်ကို ဂုဏ်ယူစရာအဖြစ်မှတ်ထင်လို့ ။
10♥ သူမ သင့်ထံက လိုချင်တာ မရှိပါဘူး။
J♥ သင့်ကိုအားကိုးမှီခိုစရာအဖြစ်မှတ်ထင်လို့။
Q♥ သင့်ရဲ့ ခန့်ညားတဲ့ အမူအရာကြောင့်။
K♥ ကြုံဖူးသမျှတွေနှင့် တူလို့ပေါ့။

## ဘာလို့ ကျွန်တော့်ကို ချစ်တာလဲ

A♣ ကွာဝေးသွားတဲ့ အချိန်တွေမှာ လွမ်းရလို့။
2♣ ပစ္စည်းဥစ္စာကိုချစ်တာပါ။
3♣ သင့်အကြောင်းကို အသေအချာ မသိသေးလို့ပေါ့။
4♣ အတွေ့ထူးလို့ပေါ့။
5♣ သူ့ဘက်က တိုက်တွန်းကြလို့။
6♣ သူပြောသလို လုပ်လို့။
7♣ သင့်ရဲ့ပျိုမျစ်နုငယ်တဲ့အရွယ်ကိုသဘောကျလို့။
8♣ သူက အနိုင်ရမှာမို့လို့။
9♣ သူ့ သူငယ်ချင်းဆီက ခိုးယူချင်လို့ပဲ။
10♣ တစ်ယောက်တည်းကို ချစ်တယ်မထင်နှင့်၊ ချစ်သူတွေ ဝိုင်းဝိုင်းလည်။
J♣ သင့်ကို တကယ်ချစ်တဲ့ အချစ်ရဲ့ကျေးကျွန်ပါ။
Q♣ သင်က အကိုင်အတွယ်ကောင်းလို့ပေါ့။
K♣ သင့်ကို အစစ အကောင်းပဲမြင်နေလို့။

A♠ လက်ဖွာလို့။
2♠ ဆွဲဆောင်မှု ရှိလို့။
3♠ အစစ ဖြည့်ဆည်းပေးလို့။
4♠ ချစ်ဟန်ဆောင်နေတာပါ။
5♠ သင့်စကားကို ထာဝရနားထောင်မယ့်သူမို့။
6♠ မချစ်ရရင်မနေနိုင်လို့။
7♠ အိုးပိုင်အိမ်ပိုင်နှင့် နေချင်လို့။
8♠ ပေါ့ပေါ့တန်တန်ပဲ သဘောထားတာပါ။
9♠ သင့်ကိုအလေးအမြတ်ထားလို့။
10♠ အားထားမျှော်ကိုးရာအဖြစ် မှတ်ထင်လို့။
J♠ သင့်ပညာအရည်အချင်းကို သဘောကျလို့။
Q♠ စိတ်သဘောထားကောင်းမွန်လို့။
K♠ သင်က အစစကောင်းလို့။

## အိမ်ထောင်ကျမှာလား

A♦ သက်လတ်ပိုင်းရောက်တော့မှ။

2♦ အသက်နှစ်ဆယ်မကျော်မီ။

3♦ လမ်းမမြင်ဘူး။

4♦ တစ်ကြိမ်မကဘူး။

5♦ ဓမ္မတာ အတိုင်းပဲပေါ့။

6♦ စိတ်မပူပါနှင့်။

7♦ ကြိုက်သူပေါ်လာလိမ့်မယ်။

8♦ ပျော်ရွှင်ချမ်းသာတဲ့ လက်ထပ်ပွဲက စောင့်ကြိုနေတယ်။

9♦ ဇီဇာကြောင်လွန်းလို့ ခက်နေတာ။

10♦ ကိုယ့်ဘက်ကမှ မပြည့်စုံသေးတာ။

J♦ တာဝန်ယူနိုင်လို့လား။

Q♦ မမျှော်လင့်တဲ့ အချိန်မှာ။

K♦ သင်ဆုံးဖြတ်ချက်ချလိုက်တဲ့အခါ။

A♥ အခွင့်အခါကောင်း အများအပြားကြုံပါလိမ့်မယ်။

2♥ ကျလိမ့်မယ်. . ၊ နောင်တ ရရလိမ့်မယ်။

3♥ မြန်းစားကြီးဆိုပါတော့။

4♥ အများသဘောကျစရာတော့ ဖြစ်လာပါလိမ့်မယ်။

5♥ စိတ်မလျှော့ပါနှင့်. . . ၊ ဖြေးဖြေးပေါ့။

6♥ ကိုယ့်အမှားကြောင့် ဒီလောက်ကြာသွားတာ။

7♥ မတင်မကျဖြစ်နေတယ်။

8♥ သင် အခွင့်အခါကောင်းတွေ ဆုံးရှုံးသွားပြီလေ။

9♥ စေ့စပ်ကြောင်းလမ်းပြီး အကြာကြီးနေမှ။

10♥ လက်ရှိ အနှောင်အဖွဲ့မှ လွတ်ကင်းရင်ပေါ့။

J♥ ဆင်းရဲပေမယ့် ပျော်ရွှင်တဲ့အိမ်ထောင်ရေးက စောင့်နေတယ်။

Q♥ နောင်နှစ် ဧပြီလဆန်းလောက်မှာ။

K♥ ဓမ္မတာ အတိုင်းပါပဲ။

## အိမ်ထောင်ကျမှာလား

A♣ ဟုတ်တယ်. . ၊ မကြာတော့ဘူး။
2♣ အတားအဆီးတစ်ခုခုတော့ ရှိနေသေးတယ်။
3♣ ဟုတ်တယ်၊ မိသားစုဘဝဖြစ်တော့မယ်။
4♣ အတော်ကပ်စေးနည်းသူနှင့်အိမ်ထောင်ကျလိမ့်မယ်။
5♣ ဟုတ်တယ်. . ၊ အသုံးအဖြုန်းကြီးသူနှင့်။
6♣ သင်က လွတ်လပ်မှုကိုရှေ့တန်းတင်နေတာကိုး။
7♣ သင့်အတွက် စီစဉ်ပြီးနေပြီ။
8♣ ဟုတ်တယ်၊ ပြည်ပက လူတစ်ယောက်နှင့်။
9♣ ချစ်လို့မဟုတ်ဘဲ၊ ငွေကြောင့် အိမ်ထောင်ကျမှာ။
10♣ ဟုတ်တယ်. . ၊ သဘောချင်းတိုက်ဆိုင်သူနှင့်။
J♣ အကြိမ်ကြိမ် ရွှေ့ဆိုင်းပြီးတော့မှ။
Q♣ တကယ့်စိတ်ကူးယဉ်ဆန်တဲ့ အိမ်ထောင်ရေးတစ်ခု။
K♣ ဟုတ်တယ်. . ၊ သင်ရည်ရွယ်ထားတဲ့ သူနှင့်တော့မဟုတ်ဘူး။

A♠ အတော်ကို စွန့်စားပြီးမှဖြစ်မှာ။
2♠ သင် စိတ်ဆင်းရဲခံရပြီးတော့မှ။
3♠ မမျှော်လင့်ပါနှင့်တော့။
4♠ လူမသိ သူမသိနှင့်ဖြစ်သွားမှာ။
5♠ ဆောင်းရာသီအထိ စောင့်ပါ။
6♠ ဒုတိယ အကြိမ်တောင်ဖြစ်ဦးမယ်။
7♠ ခု. . သင်နှင့်မဆုံတွေ့ကြသေးတဲ့သူ. . ။
8♠ သင့်ထက်သာတဲ့ သူနှင့်။
9♠ အလားအလာ ကောင်းပါတယ်။
10♠ ဟုတ်တယ်. . ၊ ချစ်တဲ့သူနှင့်။
J♠ ဝင်ငွေမှန်ဖို့က လိုသေးတယ်။
Q♠ အတင်းအဓမ္မကြောင့်ဖြစ်မှာ။
K♠ တိုက်တွန်းကြလွန်းလို့ ဖြစ်မှာ။

## ကိုယ်နှင့်စုံဖက်ရမည့်သူနှင့်ပတ်သက်ပြီးအထင်ကရ အချက်

A♦ စိတ်သဘောထားကောင်းခြင်း။

2♦ အာဝဇ္ဇန်းကောင်း။

3♦ ရဲရင့်ချက်ချာ။

4♦ အားကစားဝါသနာပါ။

5♦ နက်နဲသော အပြုံး။

6♦ မျက်စိဂနာမငြိမ်။

7♦ လက်ချောင်းကလေးများရှည်သွယ်။

8♦ ဖော်ရွေ။

9♦ ဆင်ခြေကောင်း။

10♦ ဝတ်ကောင်းစားလှဝတ်။

J♦ အရောင်တောက်တောက်ကြိုက်။

Q♦ ဆံပင်ကောက်။

K♦ ဆုံးဖြတ်ချက်ပြတ်သား။

A♥ မျက်လုံးမှေး။

2♥ ဥပဓိရုပ်ကောင်း။

3♥ စွဲမက်ဖွယ်ကောင်း။

4♥ စေ့စပ်သေချာ။

5♥ ရှေးဆန်ပြီး တည်ငြိမ်အေးဆေးသူ။

6♥ မျက်လုံးများ တောက်ပ။

7♥ ပါးချိုင့်ပါရှိ။

8♥ ဆံပင်ကောင်း။

9♥ ဣန္ဒြေကောင်း။

10♥ ဂနာမငြိမ်။

J♥ ရဲဝံ့ပြတ်သားမည့်အသွင်။

Q♥ အသံသြဇာရှိ။

K♥ ကိုယ်ခန္ဓာသေးသေးသွယ်သွယ်။

## ကိုယ်နှင့်စုံဖက်ရမည့်သူနှင့်ပတ်သက်ပြီးအထင်ကရ အချက်

A♣ ရန်စွာမည့် အသွင်။
2♣ အမူအရာလေးနက်သူ။
3♣ ပျာယာခတ်သူ။
4♣ စကားပွင့်လင်းသူ။
5♣ ရှက်ကြမ်းရည်ချိုရုပ်။
6♣ စကားနည်း။
7♣ ကရုဏာထားသူ။
8♣ သည်းခံတတ်သူ။
9♣ ရေလိုက် ငါးလိုက်နေတတ်သူ။
10♣ ဖော်ရွေသူ။
J♣ ငေးစိုက်ကြည့်တတ်သူ။
Q♣ ဖွံ့ကောင်းသူ။
K♣ စွဲဆောင်မှုရှိသူ။

A♠ ညှို့ငင်စွမ်းရှိသူ။
2♠ ရှက်တတ်သူ။
3♠ မယဉ်ကျေးသူ။
4♠ စကားနည်းသူ။
5♠ ချိန်ချိန်ဆဆရှိသူ။
6♠ စိတ်ပါလက်ပါ ပြုတတ်သူ။
7♠ ဘွင်းဘွင်းပြောတတ်သူ။
8♠ ဝါကြွားတတ်သူ။
9♠ အမူအရာသိမ်မွေ့။
10♠ တစ်စုံတစ်ရာချွတ်ယွင်းချက်ရှိသူ။
J♠ ငယ်ရွယ်ပျိုမျစ်ချောမောသူ။
Q♠ စိတ်အားငယ်သူ။
K♠ ဆွဲငင်သော အပြုံးကိုဆောင်သူ။

## ကျွန်တော့်ဘဝကြြင်ဖော်မှန်း ဘယ်လိုသိသာထင်ရှားမလဲ

A♦ တုတ်ကွေးဖြစ်လို့ ပျောက်ခါစပဲ ရှိသေးတဲ့သူ။
2♦ ရုပ်ရှင်ရုံမှာတွေ့မဲ့ မိန်းကလေး ။
3♦ သေးသွယ်ပြီး အသားညိုသူ။
4♦ ပျော်ရွှင်ရယ်မောနေတတ်သူ။
5♦ သင့်ထက်အသက်အရွယ် အများကြီးပိုကြီးမယ့်မိန်းကလေး။
6♦ ခရီးသွားရင်း ကားပေါ်မှာတွေ့မယ့်မိန်းကလေး။
7♦ စိတ်တိုပြီး သနားကြင်နာတတ်သူ။
8♦ ခြေဖဝါးလေးတွေ လှတဲ့မိန်းကလေး။
9♦ သင့်ကိုဆိုးဆိုးရွားရွားပြုကျင့်နေတဲ့ မိန်းကလေး။
10♦ နှစ်ပေါင်းများစွာ သင်သိကျွမ်းခဲ့တဲ့ မိန်းကလေး။
J♦ ဆွေမျိုးသားချင်းတွေ သဘောမတူတဲ့မိန်းကလေး။
Q♦ မနှစ်သက်ရာက အစပျိုးလာတဲ့မိန်းကလေး။
K♦ လှထွင့်ခေါင်ဆိုတဲ့ မိန်းကလေး။

A♥ သင်တို့တွေ့စက အနက်ရောင်ဝတ်ထားတဲ့မိန်းကလေး။
2♥ အေးစက်စက် မျက်လုံးများရှိသူ။
3♥ ဆွေရိပ်မျိုးရိပ်မကင်းသူ။
4♥ အပေးအကမ်း ရက်ရောသူ။
5♥ အလွန်ချောမောသူ။
6♥ မိသားစုက ဖူးဖူးမှုတ်ထားသူ။
7♥ မတော်တဆ တိုက်မိရင်းသိကျွမ်းသူ။
8♥ အထီးကျန်နေတတ်သူ။
9♥ သင့်ကို အမြဲတမ်းဩဇာလွှမ်းသူ။
10♥ ရဲရင့်ချက်ချာသူ။
J♥ စကားနည်းပြီး နားထောင်နေတတ်သူ။
Q♥ အားကစားတော်သူ။
K♥ မိတ်ကပ်ထူထူလိမ်းတတ်သူ။

## ကျွန်တော့်ဘဝကြင်ဖော်မှန်း ဘယ်လိုသိသာထင်ရှားမလဲ

A♣ ဖျားပြီး နာလန်ပြန်ထလာသူ။
2♣ ဆိတ်ဆိတ်ကလေးနေတတ်သူ။
3♣ အသံ အော်ကျယ်အော်ကျယ်ပြောတတ်သူ။
4♣ အလွန်အလှပြင်တတ်သူ။
5♣ တကယ့်ကို ဖြူစင်ရိုးသားသူ။
6♣ သင့်သူငယ်ချင်းတွေ အားလုံးက ကြိုက်နှစ်သက်သူ။
7♣ သင့်ကို တော်တော်ကလေးဒုက္ခပေးပြီးသွားသူ။
8♣ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်သူ။
9♣ မျက်လုံးပြူးသူ။
10♣ နိုင်ငံရေးကို စိတ်ဝင်စားသူ။
J♣ သင့်ကို တော်တော်နိုးကြွစေသူ။
Q♣ စိတ်ဓာတ်ကြံ့ခိုင်သူ။
K♣ သင့်ထက်အသက်ကြီးပြီး တည်တံ့သူ။

A♠ ခုတော့ မုဆိုးမ။
2♠ နိုင်ငံရပ်ခြားမှ ပြန်လာသူ။
3♠ ကျောင်းသူ။
4♠ ခွေးကိုအလွန်ချစ်တတ်သူ။
5♠ အခုသင့်သူငယ်ချင်း တစ်ယောက်နှင့်စေ့စပ်ထားသူ။
6♠ ရုပ်ရည်လှပ တင့်တယ်သူ။
7♠ မိသားစုထဲမှ အထွေးဆုံးမိန်းကလေး။
8♠ ဖယ်ရီ(သို့) လေယာဉ်ပေါ်မှာတွေ့ကြုံခဲ့သူ။
9♠ သင်နှင့် အကျွမ်းတဝင်ရှိနေသူ။
10♠ သင့်ကို ဘွင်းဘွင်းရှင်းရှင်းလိုလားနှစ်သက်နေသူ။
J♠ သူမ ဘယ်သူဘယ်ဝါဆိုတာ သင်သိပြီးသားပါ။
Q♠ သူဆင်းရဲ မိန်းကလေးတစ်ယောက်။
K♠ စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေး။

## ကျွန်မဘဝကြင်ဖော်မှန်း ဘယ်လိုသိသာထင်ရှားမလဲ

A♦ အဝတ်အစား ကပိုကရိုဝတ်တတ်သူ။
2♦ သင့်ထက်အသက်ပိုကြီးမယ်၊ဒါပေမယ့် ဆွဲဆောင်မှုရှိတုန်း။
3♦ ယူနီဖောင်းဝတ်ထားသူ။
4♦ အစိုးရ အမှုထမ်း။
5♦ စစ်သည်တော် တစ်ဦး။
6♦ သင်္ဘောသား။
7♦ ကျောင်းဆရာ။
8♦ အလွန်ရှက်တတ်သူ။
9♦ မျက်မှန်အမြဲတတ်သူ။
10♦ အငြိမ်မနေတတ်သူ။
J♦ အသက်ငယ်ပြီး ကစားခုန်စားဝါသနာပါသူ။
Q♦ အညာတြတစ်ယောက်။
K♦ မိခင်က ခါးခါးသီးသီးဖြစ်နေသူ။

A♥ စကားကို ခပ်လေးလေးပြောတတ်သူ။
2♥ ယူနီဖောင်းဝတ်။
3♥ အရှက်အကြောက်ကြီးသူ။
4♥ နှုတ်ခမ်းမွှေးနှင့်။
5♥ အမူအရာအေးဆေးသူ။
6♥ ဘာသာစကား တစ်ခုမကတတ်သူ။
7♥ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူ။
8♥ မိုးရာသီမှာ တွေ့ရမယ့်သူ။
9♥ ခြေဖဝါး၊ လက်ဖဝါးကြီးသူ။
10♥ သေသေသပ်သပ် ဖြီးလိမ်းတတ်သူ။
J♥ စကားပြောကောင်းသူ။
Q♥ အသက်ကြီးပြီး ပညာတတ်သူ။
K♥ မျက်နှာအမူအရာ ချောမောသိမ်မွေ့သူ။

## ကျွန်မဘာဝကြင်ဖော်မှန်း ဘယ်လိုသိသာထင်ရှားမလဲ

A♣ နေကာမျက်မှန် တပ်ထားလိမ့်မယ်။
2♣ သူ့ကိုယ်သူ သိပ်အထင်ကြီးသူ။
3♣ မကြွားဝါတတ်သူ။
4♣ မိသားစုက သူ့ကို လူလေလွင့်လို့မှတ်ထင်ထားသူ။
5♣ နှာတံပေါ် သူ။
6♣ ဩဇာတိက္ကမရှိမယ့်ပုံမျိုး။
7♣ ဒေါသကြီးတတ်သူ။
8♣ ပြတ်ပြတ်သားသားမရှိသူ။
9♣ သူရဲကောင်းဆန်သူ။
10♣ အလွန်ခေတ်မီသူ။
J♣ အလွန်သွက်လက်လျှင်မြန်သူ။
Q♣ အလွန်အလုပ်ကြိုးစားသူ။
K♣ အေးဆေးတည်ငြိမ်သူ။

A♠ အသားညိုညို။
2♠ လူလားမြောက်တာ မကြာသေးတဲ့အရွယ်။
3♠ ရယ်ရွှန်းပတ်ရွှန်း ပြောတတ်သူ။
4♠ လူထူးလူဆန်း တစ်ယောက်ပဲ။
5♠ စကားကြော ရှည်တတ်သူ။
6♠ ရန်ခဏခဏဖြစ်တတ်တဲ့ ဖိုက်တာဟာစ်ယောက်ပဲ။
7♠ သင် ရွေးချယ်ထားပြီးသားသူပါပဲ။
8♠ ဆင်းရဲတယ်၊ ဒါပေမယ့် ရိုးသားတယ်။
9♠ ရိုးသားတဲ့ အညတြတစ်ယောက်ပါပဲ။
10♠ အစားကြူးသူ တစ်ယောက်ပဲ။
J♠ နှုတ်ခမ်းကို မသိမသာပင့်တင်တတ်တဲ့ အကျင့်ရှိသူ။
Q♠ စာပေဝါသနာအိုးပဲ။
K♠ တေးဂီတ ဝါသနာပါတယ်။

## တို့ကို သူ အလေးထားရဲ့လား

A♦ အမြဲထာဝရ လွမ်းအိပ်မက် မက်နေသူပါ။

2♦ ဝေးပါသေး။

3♦ အခု အလေးမထားတော့ဘူး။

4♦ သူ့ကိုယ်သူပဲ အလေးထားတယ်။

5♦ မျက်လုံးတစ်ခုလိုပဲ သဘောထားလိုက်ပါ။

6♦ အရှုံးအမှုံးပါပဲ။

7♦ မနှစ်ကထက်တော့ လျှော့သွားပြီ။

8♦ ကတိတဆိတ် ပြေသိမ့်နေပါတယ်။

9♦ ကြွယ်ရင်မေ့၊ တွေ့ရင်လွမ်း။

10♦ မေ့လိုက်ပါတော့။

J♦ မိတ်ဆွေလို သဘောထားလိုက်ပါ။

Q♦ ကိုယ်တိုင် သိလာပါလိမ့်မယ်။

K♦ ကြာလေလေ ခိုင်မြဲလေလေ။

A♥ တိုးလို့သာ အလေးထားပါ။

2♥ တစ်ခါတစ်ရံ စဉ်းစားပြီး စိတ်နာတယ်။

3♥ မေ့ဖျောက်ဖို့ ကြိုးစားနေတယ်။

4♥ အလေးထားပါတယ် . . . ။ တလွဲမထင်ပါနှင့်။

5♥ မျှော်လင့်ချက် မထားပါနှင့်တော့။

6♥ နည်းနည်းပါးပါးပေါ့။

7♥ ဝေးလေ ကောင်းလေပဲ။

8♥ တွေ့မှပဲ သေအောင်လွမ်းပြပါလိမ့်မယ်။

9♥ အရေးကြုံမှ သက်လုံကောင်းမယ့်သူ။

10♥ ထင်ထားသလောက်တော့ မဟုတ်ပါဘူး။

J♥ သစ္စာရှိစွာ တွေ့ချင်နေတယ်။

Q♥ အိမ်ကို လွမ်းတဲ့အခါတိုင်းပေါ့။

K♥ အမြဲတမ်း တမ်းတနေပါတယ်။

## တို့ကို သူ အလေးထားရဲ့လား

A♣ ထင်သလား . . .။ ဝေးပါသေးရဲ့။

2♣ ခပ်ပေါ့ပေါ့ပဲ သဘောထားပါတယ်။

3♣ ခုနေတော့ အလေးမထားပါဘူး။

4♣ အလေးထားပ့ါ။ ဘာနှင့်မှ မတားဆီးနိုင်ဘူး။

5♣ သူက . . . လုံးဝ မေ့သွားပြီ။

6♣ သူ . . . တကယ်ပဲ သစ္စာမရှိပါဘူး။

7♣ အခက်တွေ့တဲ့အခါတွေမှာ သတိရပါတယ်။

8♣ ကြာကြာတော့ မဟုတ်ပါဘူး။

9♣ ကြင်နာသနားတာကို တလွဲမယူဆပါနှင့်။

10♣ အလေးထားရလောက်အောင် စိတ်ကူးမရှိဘူး။

J♣ သင့်ကို အပျော်ကစားနေတာပါ။

Q♣ ဘယ်တုန်းကမှ အလေးမထားသလို နောင်လဲ မမျှော်လင့်ပါနှင့်။

K♣ အလေးထားပါရဲ့ . . .။ ကိစ္စတွေ များမြောင်တဲ့ကြားက။

A♠ ဘာခံစားမှုမှ မရှိတာ သေချာတယ်။

2♠ အများထဲက တစ်ယောက်ပဲလေ။

3♠ ဟုတ်တယ် . . .။ တကယ်ပဲ အလေးထားပါတယ်။

4♠ သဘောထား ပြောင်းသွားပြီ။

5♠ အလေးထားရလောက်အောင်ကို သူ့မှာ စိတ်ကူးမရှိဘူး။

6♠ သူ့အဖို့ သင်ဟာ ကမ်းပုတ်လှိုင်းကလေး လိုပါပဲ။

7♠ ကြာလေလေ သတိရလေလေ။

8♠ ဟင့်အင်း . . . ဟန်ဆောင်နေတာ။

9♠ ရောက်တဲ့နေရာမှာ ပျော်နေပြီ။

10♠ စတွေ့ကတည်းက ခုထိ အလေးအနက်ထားသူပါ။

J♠ ပြီးလွယ် ပျောက်လွယ် သဘောမျိုးပါပဲ။

Q♠ နှစ်တွေကြာလာတာတောင် မထင်ရှားသေးဘူးလား။

K♠ အလေးထားပါတယ် . . .။ တကယ့်ကိုပါပဲ။

## မကြာမီ စေ့စပ်ကြောင်းလမ်းဖြစ်မှာလား

A♦ သင် မျှော်လင့်ထားသလောက်တော့ မမြန်ဘူး။
2♦ နှစ်တွေတောင် လွန်သွားပြီလေ။
3♦ အခွင့်ကောင်းတွေ ရှိပါတယ်။
4♦ ဟုတ်တယ် . . . မျှော်လင့်ထားသူနှင့်တော့ မဟုတ်ဘူး။
5♦ အဲဒီအတွက် စိတ်ပျက်စရာ ကြုံရမယ်။
6♦ နောက်လ ကံကောင်းဖို့ ကြိုးစားကြည့်။
7♦ အကြောင်းမလှသေးပါဘူး။
8♦ အလောမကြီးပါနှင့်။
9♦ သင် . . . စာရေးပြီး ကျကျနန ရှင်းပြလိုက်ရင်ပေါ့ . . . ။
10♦ မရေရာ မသေချာပါပဲ။
J♦ နှစ်ကုန်ပိုင်းအထိ စောင့်ပါဦး။
Q♦ နေသာတဲ့ ညနေခင်း တစ်ခုမှာ ဖြစ်လိမ့်မယ်။
K♦ သင်က အရင် လမ်းဖွင့်ပေးရင်ပေါ့။

A♥ အတားအဆီးတွေ လွန်မြောက်သွားရင်ပေါ့။
2♥ သင့်မိသားစုက တားဆီးနေရင်တော့ မဖြစ်နိုင်ဘူး။
3♥ ဖြစ်မယ် . . . ။ ကျေနပ်ဝမ်းသာမှု အပြည့်ရမယ်။
4♥ လှည့်စားခံရမယ် . . . နော်။
5♥ ရန်သူကြောင့် ပျက်ပြားသွားရလိမ့်မယ်။
6♥ အကြောင်းမဟုတ်ပါဘူး . . . ၊ အခြေအနေ ဖြစ်ပေါ်လာမှာပါ။
7♥ နှစ်တွေ ကြာဦးမှာနော် . . . ။
8♥ နောက်နှစ် ဆောင်းရာသီလောက်ပေါ့။
9♥ နွေရောက်ရင် ဆိုပါတော့ . . . ။
10♥ အတားအဆီးတွေ ကျော်ရဦးမယ် . . . ။
J♥ သင်က ဖြစ်စေချင်ရင်တော့ . . . ဖြစ်မယ်။
Q♥ ပိုပြီး စွဲမက်စရာ ဖြစ်အောင်နေပါ . . . ။
K♥ ဒီလူပဲလို့ သေချာပြီလား။

## မကြာမီ စေ့စပ်ကြောင်းလမ်းဖြစ်မှာလား

A♣ စေ့စပ်ကြောင်းလမ်းပြီးရင် စိတ်ပျက်စရာကြုံမယ်။
2♣ လေလုံးထွားတာကို တကယ်ယုံသလား။
3♣ ထမင်းရည်သောက်ဖို့ ဆုံးဖြတ်မျှော်လင့်ထားသလား။
4♣ အခြားတစ်နေရာမှာ လွန်ထားပြီးပြီလေ။
5♣ တစ်ဘက်က ဘယ်လို ပြောမယ် ထင်လို့လဲ။
6♣ ဒီထက်ပိုကြိုက်စရာ တွေ့ရဦးမှာ။
7♣ ဒီအတိုင်းလုပ်တော့မယ်လို့ တကယ် ဆုံးဖြတ်ပြီးပြီလား။
8♣ နောင်နှစ်အထိ သင့်ချစ်သူက စောင့်မှာတဲ့လား။
9♣ စုထားတာလေးက မဖြစ်စလောက်လေးနှင့်။
10♣ သေချာစဉ်းစားပါဦး။
J♣ ထိုင်နေကောင်းသား၊ ထသွားမှ ကျိုးမှန်းသိမယ်။
Q♣ ခမ်းခမ်းနားနား စေ့စပ်ပွဲလုပ်ရပါလိမ့်မယ်။
K♣ ဖိန်းတာကို တကယ်ထင်နေတာကိုး။

A♠ အဖြစ်သနစ်တွေကြောင့် ဆိုင်းငံ့သွားလိမ့်မယ်။
2♠ တစ်ကြိမ်မကပါဘူး။
3♠ ဒဏ်ရာဟောင်းနှင့်ပဲ လုံလောက်ပါပြီ။
4♠ သစ္စာဖောက်မှာကို သတိထားပါ။
5♠ ငွေရေးကြေးရေးကြောင့် စောင့်ရဦးမယ်။
6♠ သင်က တကယ်ပဲ ရိုးအလွန်းသေးတာကိုး။
7♠ ပြက်ရယ်ပြောတာပါ . . . ။ အတည်မယုံပါနှင့်။
8♠ သင့်ချစ်သူက သင့်ကို စွန့်ခွါသွားလိမ့်မယ်။
9♠ ဟုတ်တယ် . . . ။ အားလုံး သဘောတူပြီးတာနှင့် ဖြစ်မယ်။
10♠ စေ့စပ်ပြီးရင် နောင်တရ၊ ရလိမ့်မယ်။
J♠ မစေ့စပ်ဖြစ်ကော ဘာအကြောင်းလဲ။
Q♠ လက်ထပ်ပြီးရင်တော့ ချစ်မေတ္တာတွေ တိုးလာမှာပါ။
K♠ စိတ်မလျှော့ပါနှင့်။ ဆက်လုပ်။

## ခေ့စပ်ကြောင်းလမ်းတာကို သူငယ်ချင်းတွေက ဘယ်လိုသဘောရမလဲ

A♦ အံ့အားသင့်ကြမယ်။
2♦ အားကျမခံ ဖြစ်ကြလိမ့်မယ်။
3♦ သူတို့ မျှော်လင့်ထားပြီးသား။
4♦ သဘောမကျကြဘူး။
5♦ သဘောကျကြမယ်။
6♦ ဂုဏ်ပြုကြလိမ့်မယ်။
7♦ အားရကျေနပ်ကြမယ်။
8♦ ကံကောင်းတာပဲလို့ ပြောကြမယ်။
9♦ ငွေရေးကြေးရေးအတွက် ဝေဖန်ကြလိမ့်မယ်။
10♦ သူတို့ ဘယ်လိုသဘောရတာ အကြောင်းမဟုတ်ပါဘူး။
J♦ မတွေးတောတတ်ကြအောင် ရှိမယ်။
Q♦ ဇဝေဇဝါ ဖြစ်ကုန်ကြမယ်။
K♦ လူတိုင်း သိပ်အားရကြလိမ့်မယ်။

A♥ နောက်ကျတာက အလျှဉ်းထက်တော့ ကောင်းပါတယ်တဲ့။
2♥ အစကောင်းပေမယ့် အနှောင်းမကောင်းဘူးတဲ့။
3♥ သင့်ကို မလိုလားတဲ့ အုပ်စုကတော့ အတင်းပြောကြမယ်။
4♥ အားလုံး အကြိုက်ဖြစ်အောင် ဘာတတ်နိုင်မှာလဲ။
5♥ လက်ထပ်ပွဲကို မျှော်လင့်နေကြမယ်။
6♥ အချစ်ဦးကို မေ့သွားပြီတဲ့။
7♥ အားမလိုအားမရ ဖြစ်နေကြတယ်။
8♥ ကံခေတာပဲတဲ့။
9♥ အဆန်းပဲတဲ့။
10♥ သူတို့က ကောင်းတာဖြစ်ဖို့ပဲ လိုလားတယ်။
J♥ သင့်အတွက် ကောင်းပါတယ်တဲ့။
Q♥ သိပ် လိုက်ဖက်ကြမှာပဲတဲ့။
K♥ သင် တည်ငြိမ်သွားမယ်လို့ မျှော်လင့်တယ်။

**စေ့စပ်ကြောင်းလမ်းတာကို သူငယ်ချင်းတွေက ဘယ်လိုသဘောရမလဲ**

A♣ သင့်အတွက် အခွင့်ကောင်းပါပဲတဲ့။

2♣ လောကြီးလွန်းတယ်။

3♣ ရှည်ကြာလွန်းတဲ့ မျှော်လင့်ချက်ပဲတဲ့။

4♣ အားလုံး ဝမ်းသာနေကြတယ်။

5♣ လက်ထပ်ပွဲကို မျှော်နေကြပြီ။

6♣ ဒါ သင့်အတွက် နောက်ဆုံး အခွင့်အလမ်းပဲတဲ့။

7♣ ဒီအခြေအနေရောက်တာဟာ သင် တော်လို့တဲ့။

8♣ နည်းနည်းကလေး စောသွားတယ်။

9♣ တည်ငြိမ်အေးဆေးသွားပြီတဲ့။

10♣ မိသားစုက စီစဉ်လို့တဲ့။

J♣ အတိတ်က အတွေ့အကြုံက သင်ခန်းစာ ရထားပြီးလို့တဲ့။

Q♣ တစ်ဘက်မိသားစုကတော့ သိပ်ပြီး မနှစ်လိုဘူးတဲ့။

K♣ သူတို့ မနာလို မဖြစ်ကြပါဘူး။

A♠ သူတို့ အံ့အားသင့်သွားကြတယ်။

2♠ အများစုက ဝမ်းမြောက်ကြတယ်။

3♠ အားလုံး တွေဝေသွားကြတယ်။

4♠ ဘယ်သူမှ မျှော်လင့်မထားဘူး။

5♠ သူတို့ သင့်အတွက် သိပ်ဝမ်းသာကြတယ်။

6♠ အားလုံးက ဒီအခြေအနေအတိုင်း ဖြစ်စေချင်တာ။

7♠ သင်ကံကောင်းတာကို မနာလိုတောင် ဖြစ်ကြတယ်။

8♠ အားလုံးက ဖြစ်ပါ့မလားလို့ ထင်နေကြတာ။

9♠ သူတို့ အံ့ဩကုန်တယ်။

10♠ အားလုံးက ကောင်းချီးသြဘာပေးကြပါတယ်။

J♠ တကယ်ပဲ သူတို့နှစ်ထောင်းအားရဖြစ်ကြတယ်။

Q♠ သင့်သတိကို သူတို့ ချီးမွမ်းတယ်။

K♠ သူတို့ကို ဝမ်းပန်းတသာဖြစ်စေတဲ့ သတင်းပါပဲ။

## မင်္ဂလာလက်ဖွဲ့တွေ အများကြီးရမှာလား

A♦ အများကြီးရမယ်။
2♦ သေချာတာပေါ့။
3♦ ကျောက်မျက်ရတနာ ရမယ်။
4♦ ငွေတွေရမယ်။
5♦ အိမ်ထောင်သုံးပစ္စည်းတွေ ရမယ်။
6♦ မီးဖိုချောင်သုံး ပစ္စည်းတွေရမယ်။
7♦ ထင်သလောက်တော့ မဟုတ်ပါဘူး။
8♦ ကိုယ်ကြိုက်သလိုမျိုးတော့ မဟုတ်ဘူး။
9♦ အများကြီးရမယ်။
10♦ ခန်းစည်းစတွေရမယ်။
J♦ အိမ်ထောင်သုံးပစ္စည်းတွေ ရမယ်။
Q♦ အသေးအဖွဲကလေးတွေ များတယ်။
K♦ ပရိဘောဂရမယ်။

A♥ မများပေမယ့် အကောင်းစားမျိုး။
2♥ တရုတ်ဖြစ်ပစ္စည်းတွေ။
3♥ အိမ်တစ်ဆောင်။
4♥ ခမ်းနားတဲ့ လက်ဆောင်တစ်ခုပါမယ်။
5♥ တူရိယာပစ္စည်းတစ်ခုပါမယ်။
6♥ ရွှေနှင့် ကျောက်မျက်။
7♥ လျှပ်စစ်ပစ္စည်း။
8♥ အသံသွင်းတိတ်ခွေ။
9♥ ရှေးဟောင်းပစ္စည်း။
10♥ အလှပြင်သုံးပစ္စည်း။
J♥ အမှတ်တရပစ္စည်း။
Q♥ သင့်ကို ကံကောင်းစေမယ့် ကျောက်မျက်။
K♥ အိမ်တစ်ဆောင်။

## မင်္ဂလာလက်ဖွဲ့တွေ အများကြီးရမှာလား

A♣ ငွေတွေရမယ်။
2♣ လမ်းမှာ ဝယ်လို့ရတဲ့ တရုတ်ဖြစ်ပစ္စည်းတွေ။
3♣ အသေးအဖွဲကလေးတွေ။
4♣ လျှပ်စစ်ပစ္စည်း။
5♣ စာအုပ်ကောင်းတစ်အုပ်။
6♣ အရှေ့တိုင်းဖြစ် ပစ္စည်းတွေ။
7♣ ကျောက်မျက်။
8♣ တောက်တိုမယ်ရ ပစ္စည်းတွေ။
9♣ သင် မှန်းထားသလောက် မရပါဘူး။
10♣ သင် မှန်းထားတာထက် ပိုရမယ်။
J♣ သိပ်တော့ မျှော်လင့်မထားပါနှင့်။
Q♣ တချို့ပစ္စည်းတွေက အတိတ်ကို သတိရစေမယ့် ပစ္စည်းတွေ။
K♣ ရမယ် . . . ။ သိပ်တော့ အသုံးမတည့်ဘူး။

A♠ မီးဖိုချောင်သုံး ပစ္စည်းတွေ။
2♠ အလှပြင် ပစ္စည်းတွေ။
3♠ ငွေကြေး။
4♠ အိမ်ထောင်သုံး ပစ္စည်း။
5♠ လက်ဖက်ရည် ပန်းကန်တွေ။
6♠ ကျောက်မျက်နှင့်ရွှေ။
7♠ သင်လိုအပ်နေတဲ့ ပစ္စည်းတစ်ခု။
8♠ မီးဖိုချောင်သုံးပစ္စည်း။
9♠ လျှပ်စစ်ပစ္စည်း။
10♠ ကော်ဇော။
J♠ တိုင်ကပ်နာရီ။
Q♠ လက်ပတ်နာရီ။
K♠ ဒိုင်ယာရီစာအုပ်။

## ဘယ်သူက စိုးမိုးရမှာလဲ

A♦ သင်က အစိုးမိုးခံဖြစ်မယ်။
2♦ တစ်ယောက်တစ်ပြန်စီပေါ့။
3♦ သင် ခပ်ကြမ်းကြမ်းကလေးကို တွေ့ရပြီပေါ့။
4♦ ကိုယ့်ထက် အခံရဆိုးတဲ့သူတွေ ရှိတယ်လို့ မှတ်ပါ။
5♦ သင့်မှာ ထွက်ပေါက်ရှိပါတယ်။ မပူပါနှင့်။
6♦ သင်က စိုးမိုးရမှာပါ။
7♦ နောင်တော့လဲ ကျင့်သားရပြီး ရိုးသွားမှာပါ။
8♦ ဘယ်သူကမှ မစိုးမိုးဘူး။ သင့်မြတ်မယ်။
9♦ သင်က စိုးမိုးရမှာပါ။
10♦ ဒေါသကို ကျပ်ကျပ်ချုပ်တည်းနော်။
J♦ အချိန်တိုင်းမှာ ကိုယ်က အမြဲ မမှန်ဘူးဆိုတာ သတိရပါ။
Q♦ သင်ကပဲ စိုးမိုးရမှာပါပဲ။
K♦ စိုးမိုးတာ မဟုတ်ဘူး . . . ။ သင့်မြတ်လို့ နာခံတာမျိုး။

A♥ သူ့အလှည့် ကိုယ့်အလှည့်လို့ သဘောထားလိုက်ပါ။
2♥ ဘယ်သူကမှ မစိုးမိုးဘူး . . . ။ တစ်လှည့်စီ . . . ။
3♥ သူက အေးအေးဆေးဆေး နေတတ်သူပါ။
4♥ သင့်သင့်မြတ်မြတ်ပါပဲ။
5♥ သိပ်ပြီးတော့ မစွာနှင့်ပေါ့။
6♥ သင်က စိုးမိုးရမှာပါ . . . ။
7♥ လိုက်လျောညီထွေပါပဲ။
8♥ ဘယ်သူမဆို အချော့ကြိုက်ကြတာပဲ။
9♥ တင်းလွန်းရင် ပြတ် ဆိုတာကို မမေ့ပါနှင့်။
10♥ သူက နေတတ်ပါတယ်။
J♥ စိတ်ကောက်ကြတာလေးတွေတော့ ရှိတာပေါ့။
Q♥ ကိုယ်က ငွေကိုင်နေရမှာပဲ . . . ။ ဘာလိုသေးလဲ။
K♥ လွန်မှန်းသိရင် ပြန်ချော့လိုက်။

## ဘယ်သူက စိုးမိုးရမှာလဲ

A♣ တစ်ယောက်အလို တစ်ယောက်က လိုက်မှာပါ။
2♣ ကိုယ်က သိပ်မလွန်ကဲအောင်တော့ သတိထားပေါ့။
3♣ တကယ်တမ်းကျရင် ကိုယ်က အရှုံးပေးရမှာနော်။
4♣ သင်က အနိုင်ရမှာပါ။
5♣ သင့်အပြုံးကြောင့် အဆင်ချောတယ်။
6♣ သိပ်ပြီးတော့လည်း မချုပ်ချယ်နှင့်ပေါ့။
7♣ မျှမျှတတကလေး စဉ်းစားပေးပါ။
8♣ အပေးအယူမျှနေတာ အကောင်းဆုံးပဲ။
9♣ တင်းလွန်းရင် ပြတ်တတ်တယ်ဆိုတာ သတိထားပါ။
10♣ ကိုယ်ထုတ်နေတဲ့ စည်းကမ်းကို ကိုယ်လိုက်နာရတယ်နော်။
J♣ သင်က သူပြောတာ နားထောင်မယ့်သူပါ။
Q♣ သင့်မြတ်တဲ့ အဖော်အသင်းတွေ ဖြစ်မှာပါ။
K♣ စကားကို ကျွံအောင် မပြောပါနှင့်။

A♠ အဆူတော့ ခံရတတ်တယ်။
2♠ အတိုက်အခံလုပ်တာ မကောင်းဘူးနော်။
3♠ မာန်မာန မထားရင် ပြေလည်မှာပါ။
4♠ သင့်ကို အားပေးနှစ်သိမ့်နေမှာပါ။
5♠ ခွင့်လွှတ်ခြင်းက ပြေလည်မှုကို ပေးစွမ်းတယ်။
6♠ လေးလေးနက်နက်ကြီး မတွေးတောပါနှင့်။
7♠ ရယ်ရယ်မောမောနှင့် အစဉ်ချောမှာပါ။
8♠ သည်းခံတော့ ပြဿနာမရှိဘူးပေါ့။
9♠ အစစ သင့်အလိုအတိုင်းပါပဲ။
10♠ ပျားရည်ထဲကို ယင်ကောင်မရှိဘူးနော်။
J♠ ကိုယ်က စိုးမိုးချင်ရင် အစားကောင်းအသောက်ကောင်း ကျွေး။
Q♠ တစ်လှည့်စီပေါ့။
K♠ အပေးအယူမျှတဲ့ အတွဲဖြစ်မှာပါ။

## ခင်ပွန်းက ဘာလို့ မူပြောင်းနေတာလဲ

A♦ ညကလပ်တွေ ရောက်နေလို့ပေါ့။
2♦ အရက်ကို ပိုချစ်လို့။
3♦ ငွေကုန်ကြေးကျများနေတယ်။
4♦ ချိန်ချိန်ဆဆကလေး ပြောဆို . . . ။ အခြေအနေကောင်းလာမှာပါ။
5♦ ကောင်းကောင်းမှ ချက်မကျွေးတာ။
6♦ အလုပ်ပင်ပန်းနေလို့။
7♦ စိတ်ရှုပ်နေလို့။
8♦ ဆေးလိပ်က အဖော်ကောင်းဖြစ်နေလို့။
9♦ သူ သံသယဖြစ်နေတယ်။
10♦ နောက်တစ်ယောက်ကို ချစ်နေလို့။
J♦ ကျန်းမာရေးကြောင့်ပါ။
Q♦ သူ စိတ်ထိုင်းမှိုင်းနေလို့။
K♦ အရက်ကြောင့်ပေါ့။

A♥ သူ့မိသားစုထံက အကူအပံ့မရလို့။
2♥ ငွေရေးကြေးရေး အခက်ကြုံနေလို့။
3♥ သင့်မိတ်ဆွေ အပေါင်းအသင်းတွေကို သတိထားပေါင်း။
4♥ သဝန်တိုနေတာ။
5♥ သူ စိတ်ညစ်စရာ တစ်ခုရှိနေတယ်။
6♥ သူ့ သူငယ်ချင်းတစ်ယောက်ကြောင့် အခက်ကြုံနေတယ်။
7♥ အလောင်းအစားကြောင့်။
8♥ ရင်းနှီးမြှုပ်နှံမှု မှားယွင်းလို့။
9♥ နိုင်ငံခြားကို ထွက်ချင်နေတယ်။
10♥ စိတ် မငြိမ်းအေးလို့။
J♥ အရေးကြီးတဲ့ သတင်းစကားကို စောင့်စားနေရလို့။
Q♥ သူ အကြပ်ရိုက်နေတယ်။
K♥ သူ . . . အနုပညာ နယ်ထဲဝင်ဖို့ စဉ်းစားနေတယ်။

## ခင်ပွန်းက ဘာလို့ မှုပြောင်းနေတာလဲ

A♣ သူ့ သူငယ်ချင်းကို မေးကြည့်ပါလား။
2♣ သူ . . . သူငယ်နှပ်စားလေး မဟုတ်တော့ဘူးလေ . . . ။
3♣ အရက်သောက်တာများလို့။
4♣ ရှုမျှော်ခင်း အပြောင်းအလဲ လိုနေတယ်။
5♣ စိတ်အနှောင့်အယှက်တစ်ခု ကြုံနေတယ်။
6♣ သူ သတင်းမကောင်းတာ ကြားထားလို့။
7♣ သူ့မှာ အပြစ်တစ်ခုရှိနေလို့။
8♣ သူ အလှည့်စားခံထားရလို့။
9♣ အတိတ်က ကိစ္စတစ်ခုကြောင့်ပါ။
10♣ ကိုယ့်တာသာ တွေးကြည့်လေ . . . ။
J♣ အခြားတစ်ယောက်နှင့် တွေ့ရင် အကောင်းသားတဲ့။
Q♣ သင့်ကြောင့်ပေါ့။
K♣ သူကလည်း သိပ်ပြီး သဘောထားကြီးနေမှာ မဟုတ်တော့ဘူး။

A♠ မသိချင်စမ်းပါနှင့်။
2♠ နက်ဖြန်တော့ သိလိမ့်မယ်။
3♠ သူ့ဘာသာသူ နေပါစေ။
4♠ မူယာများနေတာပါ။
5♠ သူ့အချစ်ဟောင်းနှင့် တွေ့လိုက်ရလို့။
6♠ မစိုးရိမ်ပါနှင့်။
7♠ သင့်ကို သူ သိပ်ချစ်ပါတယ် . . . ။ ထားလိုက်ပါ။
8♠ သူ အရေးကြီးတဲ့ အနေအထားကို ရောက်နေပြီ။
9♠ သတင်းစကားတွေက သူ့ကို အနှောင့်အယှက် ပေးနေလို့။
10♠ တရားဥပဒေနှင့် ပတ်သက်ပြီး ရင်ဆိုင်စရာရှိနေတယ်။
J♠ အစာမကြေလို့။
Q♠ ကြိတ်မနိုင်ခဲမရ ကိစ္စလေးရှိနေလို့။
K♠ ဒါ . . . သူ့စရိုက်ပါပဲလေ . . . ။

## နေ့က ဘာလို့ မူပြောင်းနေတာလဲ

A♦ အိမ်တွင်း အောင်းနေတာကြာလို့။

2♦ ဝယ်ပြီး အဝတ်အစားတွေ သဘောမကျလို့။

3♦ သံသယဖြစ်စရာတွေ တွေ့ထားလို့။
2♥ သင် စိတ်ထားမပြောင်းရင်တော့ မေတ္တာထားကြမှာ မဟုတ်ဘူး။
3♥ မေတ္တာရှိနေကြမှာပါ။
4♥ လာလိုက်သွားလိုက် ပျောက်သွားလိုက်ဆိုသလိုပေါ့။
5♥ တချို့ကတော့ သင့်ဘေးကကို မခွာပါဘူး။
6♥ သင့်ကို ဘယ်လောက်သည်းညည်းခံရတယ်ဆိုတာ သင်သိသားပဲ။
7♥ သင့်ရဲ့ ပျက်ရယ်ပြုတတ်တဲ့အကျင့်ကို ပြင်လိုက်ပါ။
8♥ မေတ္တာထားကြမှာပါ။
9♥ ကျောင်းသားဘဝက မိတ်ဆွေတွေ ရှိကြမှာပါ။
10♥ ဒီအတွက် သံသယမဖြစ်ပါနှင့်။
J♥ ပျားတွေ ပျားအုံကို မခွာသလိုပါဘဲ။
Q♥ ထာဝရမေတ္တာထားကြမှာပါ။
K♥ မေတ္တာမထားကြဘူး . . . ။ သင့်ကို သူတို့ စိတ်ကုန်သွားပြီ။

## သက်ကြီးပိုင်းမှာ မေတ္တာထားကြဦးမှာလား

A♣ ဝိုးချဲပေါ် ရောက်နေတဲ့အထိ ဆိုပါတော့။
2♣ သင်က အရွယ်ရလာတာနှင့်အမျှ သိမ်မွေ့ညင်သာလာရင်ပေါ့။
3♣ သင့်သဘောထားကြီးမှုကြောင့် မေတ္တာထားကြမှာပါ။
4♣ သင် ဒီထက် စိတ်သဘောထားမဆိုးရင်တော့ . . . ။
5♣ တချို့တစ်ဝက်ကတော့ မေတ္တာထားကြမှာပါ။
6♣ ပျော်ရွှင်တတ်တဲ့ သင့်အမူအကျင့်ကို ပျိုးထောင်ထားရင်ပေါ့။
7♣ သင် ဒီအတိုင်း ပျော်ပျော်နေရင်တော့ . . . ။
8♣ သင်က ကိုယ့်ဘက်ကြည့်လွန်းတော့ . . . ။
9♣ ငယ်ငယ်တုန်းကလိုပါပဲ၊ အသက်ကြီးပိုင်းမှာ မေတ္တာထားကြမှာပါ။
10♣ ကုန်လွန်သွားတဲ့နှစ်တွေက သင့်ကို မရက်စက်ပါဘူး။
J♣ သင့်ရဲ့ ညှိုးငယ်တတ်တဲ့စိတ်က အထီးကျန်စေမယ်။
Q♣ သင့်ကို အားလုံးမေတ္တာဝိုင်းထားကြမှာပါ။
K♣ မေတ္တာထားကြမှာပါ . . . ၊ သင်ကလည်း တုံ့ပြန်ရမှာပဲ။

A♠ သင်ဖြစ်စေချင်သလို ဖြစ်မယ်။
2♠ မဖြစ်နိုင်ဘူး . . . သင်က ရှေးဆန်လွန်းတယ်။
3♠ သင် . . . သူတစ်ပါးကိစ္စ စွက်ဖက်တာနည်းရင်ပေါ့။
4♠ ခုထက်ပိုပြီးတောင် ဆွဲဆောင်မှုကောင်းဦးမယ်။
5♠ သင်ကျော်ကြားပြီး သင့်အပါးက မခွါကြပါဘူး။
6♠ သင်က ဆရာလုပ်လွန်းတယ်။
7♠ သင်က လူငယ်တွေ အပေါ် မောက်မာလွန်းတယ်။
8♠ ကြေးရတတ်ပိုင်းက ချစ်ခင်လိုလားပြီး ကျော်ကြားမယ်။
9♠ သင်က ဇီဇာကြောင်လွန်းတယ် . . . ။
10♠ သင့်ကို တကယ်ပဲ မေတ္တာထားကြမှာပါ။
J♠ တိရစ္ဆာန်တွေနှင့် ကလေးတွေကတော့ ချစ်ကြမှာပါ။
Q♠ ဒါပေါ့ . . . ။ သင်က ကစားခုန်စားမှာ တော်တယ်လေ . . . ။
K♠ အသက်ကြီးကြီး အဒေါ်ကြီးတွေနှင့်ကြောင်တွေက ချစ်ကြလိမ့်မယ်။

## အိုဇာတာကောင်းမှာလား

A♦ မကောင်းဘူး။ မနားမနေဘဲ။
2♦ အပြောင်းအလဲတွေ များမယ်။
3♦ အိမ်ထောင်ကျ နောက်ကျတာကြောင့် အခက်တွေ့မယ်။
4♦ ကောင်းတယ်။ ဒူလာရောဂါတော့ မျှော်လင့်ထားပါ။
5♦ သိပ်ကောင်းတယ်။
6♦ ရေဆန်လေဆန်ပဲ။
7♦ အိမ်နီးပါးချင်းတွေရဲ့ အနှောင့်အယှက်ရှိတယ်။
8♦ အိပ်မက်ကောင်းတစ်ခုလိုပါပဲ။
9♦ တကယ်ပဲ အေးဆေးပါတယ်။
10♦ အိုမှပဲ ဇာတာက ကောင်းတာပါ။
J♦ ကိုယ်က စိတ်အေးချမ်းရင်တော့ . . . ကောင်းတာပေါ့။
Q♦ ဇီဇာမကြောင်းရင်ပေါ့။
K♦ နောက်ဆုံးအချိန်အထိ အလုပ် လုပ်နေရဦးမှာပဲ။

A♥ ပြုံးပျော်စရာတွေပါပဲ။
2♥ ဥက္ကာပျံလိုပါပဲ . . . ။ တခဏတာဆိုသလိုပေါ့။
3♥ လုံးလုံးလျားလျားတော့ မကောင်းဘူး။
4♥ အပျော်ခရီး။ထွက်တာ ဝါသနာပါတော့ ဘုရားတွေဖူးရမှာပေါ့။
5♥ အသက် ၄၀ကျော်ရင် မုန်တိုင်းထန်မယ်။
6♥ ဘဝအပြောင်းအလဲနှင့် ကြုံရမယ်။
7♥ နှုတ်သီးကောင်းတာကြောင့် ရန်ပွဲတွေများမယ်။
8♥ အလှုအပကြောင့် အိုဇာတာကောင်းမှာပါ။
9♥ အိုမင်းတဲ့အထိ ပျော်ရွှင်နေရမှာပါ။
10♥ ဝါသနာပါတာ လုပ်နေရရင် ပြီးတာပဲ။
J♥ အိုဇာတာမကောင်းနိုင်ဘူး။
Q♥ ကိုယ်အလေးချိန်တွေတိုးပြီး ငြိမ်သက်နေမယ်။။
K♥ အတင်းပြောတာ အရှုက်မကွဲအောင်နေပါ။

## အိုဇာတာ ကောင်းမှာလား

A♣ သံယောဇဉ်တွေကြောင့် ခက်မယ်။

2♣ ခရီးတွေများမယ်။

3♣ အဆင်မပြေတာတွေများမယ်။

4♣ ပျော်တော့ ပျော်ရမယ်။

5♣ ပန်းခြံထဲရောက်နေသလို အေးချမ်းမှာပါ။

6♣ အပူဇော်ခံဘဝ ဆိုပါတော့။

7♣ ဩဇာတိက္ကမ ရှိပြီး လူရိုသေရှင်ရိုသေ ရှိမယ်။

8♣ မကြုံဖူးအောင် ငွေကုန်ကြေးကျများမယ်။

9♣ စိတ်တိုကြမ်းကြုတ်တာကို ပြုပြင်ပါ။

10♣ ပျော်ပျော်နေတတ်တဲ့ စိတ်သဘောထားကြောင့် စိတ်အေးရမယ်။

J♣ အိုဇာတာမကောင်းဘူး။

Q♣ အပြောင်းအလဲမြန်မယ်။

K♣ ထူးထူးကဲကဲ ပျော်ရမယ်။

A♠ တမ်းတအောက်မေ့စရာတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့်ပေါ့။

2♠ အတိတ်ကို ခဏခဏ ပြန်သတိရနေမယ်။

3♠ သင့် ပရိဒေဝမီးအကြောင်းကို ဘယ်သူမှ စိတ်မဝင်စားဘူး။

4♠ အေးချမ်းသာယာနေရမယ်။

5♠ နိုင်ငံရေး မလုပ်ရင်ပေါ့။

6♠ မထင်မရှား လူသာမာန် တစ်ယောက်လိုပေါ့။

7♠ စိတ်ဖြူစင်မှုရဲ့ အသီးအပွင့်ကို ရရှိမယ်။

8♠ လှည့်ပတ်သွားလာတတ်တဲ့အကျင့်ကြောင့် အကျိုးခံစားရမယ်။

9♠ မကျေမနပ်ဖြစ်တဲ့စိတ်ကို ပြင်။

10♠ ချမ်းမြေ့ပျော်ရွှင်ရမယ်။

J♠ အိုမင်းမစွမ်းဆိုတာ သင့်မှာ မရှိပါဘူး။

Q♠ ပျင်းရိငြီးငွေ့စရာ ကြုံမယ်။

K♠ သက်ထက်ဆုံး သက်ဆိုင်သူတွေက ချစ်နေကြမှာပါ။

## ဘယ်မှာ ဘဝ နိဂုံးချုပ်ရမှာလဲ

A♦ တောင်ထူထပ်တဲ့ နိုင်ငံတစ်ခုမှာ။
2♦ ကမ္ဘာရဲ့ မြောက်ဘက်ခြမ်းမှာ။
3♦ မြို့ကြီးတစ်မြို့မှာ။
4♦ လူနေထူထပ်တဲ့ နိုင်ငံတစ်နိုင်ငံမှာ။
5♦ ရေကန်ကြီးတစ်ခုနှင့် နီးတဲ့နေရာမှာ။
6♦ တောင်ကုန်းတစ်ခုပေါ်မှာ။
7♦ ခရိုင်မြို့တစ်မြို့မှာ။
8♦ အိုးခြေအိမ်ခြေ အတည်တကျမရှိတော့ ခက်တယ်။
9♦ နိုင်ငံရပ်ခြားမှာ။
10♦ တက္ကသိုလ်ရှိတဲ့ မြို့တစ်မြို့မှာ။
J♦ ဆင်ခြေဖုန်းမှာ။
Q♦ ကျွန်းတစ်ကျွန်းပေါ်မှာ။
K♦ တောအုပ်နှင့် မလှမ်းမကမ်းမှာ။

A♥ ဆိပ်ကမ်းမြို့လေးမှာ။
2♥ မြောက်ဖျားမှာ။
3♥ ရာသီဥတု သိပ်အေးတဲ့အရပ်မှာ။
4♥ မြို့ကြီးပြကြီးနှင့် မလှမ်းမဝေးမှာ။
5♥ အိုးခြေအိမ်ခြေ ပြောင်းနေတော့ ခက်တယ်။
6♥ နေတဲ့အိမ်မှာပဲ။
7♥ ကမ်းခြေတစ်ခုမှာ။
8♥ မြစ်နှင့် မနီးမဝေး ဘန်ဂလိုတစ်ခုမှာ။
9♥ ထင်းရှူးပင်တွေ ပေါက်တဲ့မြို့မှာ။
10♥ နှင်းတွေကျတဲ့ တောင်ကုန်းတွေပေါ်မှာ။
J♥ မြို့ကြီးပြကြီးတစ်ခုမှာ။
Q♥ နိုင်ငံရပ်ခြားမှာ။
K♥ ကမ္ဘာ့အရှေ့ဖျား ရေခြားမြေခြား တစ်နေရာမှာ။

## ဘယ်မှာ ဘဝ နိဂုံးချုပ်ရမှာလဲ။

A♣ ဥရောပနိုင်ငံတစ်ခုမှာ။
2♣ နိုင်ငံရပ်ခြားမှာ။
3♣ မြို့တော်နှင့် မနီးမဝေးမှာ။
4♣ မြို့တော်ရဲ့ မြောက်ဘက်မှာ။
5♣ ကန်ပတ်လည် ဝိုင်းနေတဲ့ ရွာမှာ။
6♣ ရေသေများတဲ့ အရပ်မှာ။
7♣ မြို့ကြီးပြကြီး တစ်ခုခုမှာ။
8♣ ခရိုင်မြို့ကြီးတစ်မြို့မှာ။
9♣ ရှေးဟောင်းမြို့တော်တစ်ခုမှာ။
10♣ နိုင်ငံရပ်ခြားမှာ။
J♣ အခြားနိုင်ငံသား ခံယူပြီး နိုင်ငံရပ်ခြားမှာ။
Q♣ ဇာတိမြေနှင့် အလွန်ဝေးတဲ့ အရပ်မှာ။
K♣ နိုင်ငံရဲ့ အရှေ့မြောက်ဘက်ပိုင်းမှာ။

A♠ ပင်လယ်နှင့်နီးတဲ့ အရပ်မှာ။
2♠ မြို့တော်ရဲ့ တောင်ဘက် ဒါမှမဟုတ် မြောက်ဘက်မှာ။
3♠ မြောက်ပိုင်း ပြည်နယ်တစ်ခုခုမှာ။
4♠ ကျွန်းများရှိတဲ့အရပ်မှာ။
5♠ ကျွန်းပေါ်မှာ။
6♠ ခရီးသွားရင်း တစ်နေရာရာမှာ။
7♠ အာရှတိုက်မှာ။
8♠ မြေပြန့်ကျေးလက်တစ်နေရာမှာ။
9♠ မြေမြင့်မှာ။
10♠ သားရဲတိရစ္ဆာန်ပေါများတဲ့ နေရာမှာ။
J♠ မြို့ကြီးတစ်မြို့မှာ။
Q♠ ကြက်လျှာစွန်း၊ အငူစွန်း တစ်ခုခုမှာ။
K♠ ခရိုင်မြို့ကြီးတစ်မြို့မှာ။

# On Chance

**"He who waits a good day will get a good day"**

Irish Proverb

# ကံအခွင့်လမ်း

ရက်ကောင်းရက်မြတ်ကို စောင့်ဆိုင်းသူဟာ

ရက်ကောင်းရက်မြတ်ကို ရတာပါပဲ။

အိုင်းရစ် စကားပုံ

# *Concerning Chance*

# ကံအခွင့်လမ်းနှင့် ပတ်သက်လို့

# ?

၁။ ဘာကို ကြိုတင် သတိထားရမလဲ။

၂။ ကံကောင်းမယ့်ဂဏန်းက ဘာဂဏန်းလဲ။

၃။ တစ်နှစ်တာမှာ ကံကောင်းမယ့်အချိန်။

၄။ စိတ်ကူးထားတဲ့အစီအစဉ် အောင်မြင်မှာလား။

၅။ သူကစိုးမိုးတာ ကံကောင်းတာလား ကံဆိုးတာလား။

၆။ ကံအပြောင်းအလဲ ဘယ်တော့ဖြစ်မှာလဲ။

၇။ မျှော်လင့်စောင့်စားနေတဲ့စာ ရမှာလား။

၈။ သူ ပျော်နေသလား၊ လွမ်းနေသလား။

၉။ ခရီးထွက်တာ အထမြောက်အောင်မြင်မှာလား။

၁၀။ ဘယ်သူ့ကို ရှောင်ရှားရမှာလဲ။

၁၁။ အန္တရာယ်ကြုံတွေ့ဖွယ် ရှိသလား။

၁၂။ နေအိမ်မှာ ဒုက္ခရောက်ခြင်း အကြောင်းရင်းက ဘာလဲ။

၁၃။ လူနာ နေပြန်ကောင်းမှာလား။

၁၄။ နက်ဖြန် ကံကောင်းမှာလား။

၁၅။ ကံကောင်းအောင် ဘာဆောင်ရမှာလဲ။

## ဘာကို ကြိုတင်သတိထားရမလဲ

A♦ အမြင့်မှခုန်ချခြင်း။
2♦ အရက်သေစာ။
3♦ အလောင်းအစား။
4♦ မူးယစ်ဆေးဝါး။
5♦ ဆေးလိပ်သောက်ခြင်း။
6♦ လောင်းကစား။
7♦ အတင်းပြောခြင်း။
8♦ လှည့်ပတ်လိမ်ညာခြင်း။
9♦ ရောဂါကူးစက်ခြင်း။
10♦ အလောတကြီး အစုအစပ်ပါဝင်ခြင်း။
J♦ ဖြားယောင်းသွေးဆောင်သူ။
Q♦ ချားရဟတ်စီးခြင်း။
K♦ မရှိပါဘူး။

A♥ ရေတံခွန်။
2♥ မုတ်ဆိတ်နှင့်လူကို။
3♥ တောင့်တခြင်း။
4♥ စိတ်အလိုလိုက်ခြင်း။
5♥ အယူသည်းခြင်း။
6♥ တတ်ယောင်ကားပြုခြင်း။
7♥ အတ္တကြီးခြင်း။
8♥ ဖောက်ထွင်းအခိုးခံရခြင်း။
9♥ အတင်းအဖျင်းပြောခြင်း။
10♥ တံဆိုးလက်ဆောင်။
J♥ ကျိန်စာသင့်ခြင်း။
Q♥ အဝလွန်ခြင်း။
K♥ ကြောင်အန္တရာယ်။

## ဘာကို ကြိုတင်သိထားရမလဲ

A♣ ပျင်းရိခြင်း။

2♣ အပေါင်းအသင်းမှားခြင်း။

3♣ အပူလျှပ်ခြင်း။

4♣ မြင်းအန္တရာယ်။

5♣ တောင်စောင်းမှ လိမ့်ကျခြင်း။

6♣ တစ္ဆေသူရဲ။

7♣ မာယာများတဲ့မိန်းမ။

8♣ သဝန်တိုခြင်း။

9♣ အချစ်ကိုယုံပြီး ပုံအပ်ခြင်း။

10♣ သူတစ်ပါးအကြောင်း သွားပုပ်လေလွင့်ပြောခြင်း။

J♣ တလွဲမျှော်လင့်ခြင်း။

Q♣ ကချော်ကချွတ်ပြုလုပ်ခြင်း။

K♣ ဆွေမျိုးသားချင်း။

A♠ စိတ်အပြောင်းအလဲမြန်ဆန်ခြင်း။

2♠ အပေးအကမ်း ရက်ရောလွန်းခြင်း။

3♠ ကိုယ့်ကိုယ်ကို ယုံကြည်လွန်းခြင်း။

4♠ တစ်ယောက်တည်းလမ်းလျှောက်ခြင်း။

5♠ အအေးမိခြင်း။

6♠ ကရော်ကမည်ပြုတတ်ခြင်း။

7♠ ခြေထောက်ရေစိုခြင်း။

8♠ အသားမည်းတဲ့ အမျိုးသမီး။

9♠ မိုးကြိုးပစ်ခြင်း။

10♠ ရေကန်များ။

J♠ မမှည့်သောသစ်သီး။

Q♠ ဖြုန်းတီးခြင်း။

K♠ အလျင်စလိုဆုံးဖြတ်ခြင်း။

| | ကံကောင်းမယ့်ဂဏန်းက ဘာဂဏန်းလဲ | | | |
|---|---|---|---|---|
| A♦ | 4 | 32 | | |
| 2♦ | 26 | 1 | | |
| 3♦ | 3 | 4 | 7 | 20 |
| 4♦ | 17 | 41 | | |
| 5♦ | 21 | 7 | 53 | |
| 6♦ | 9 | 8 | 5 | |
| 7♦ | 2 | 11 | | |
| 8♦ | 13 | 14 | | |
| 9♦ | 9 | 44 | | |
| 10♦ | 52 | 3 | | |
| J♦ | 29 | 35 | | |
| Q♦ | 24 | 11 | | |
| K♦ | 7 | 9 | 3 | |

| | | | |
|---|---|---|---|
| A♥ | 10 | 29 | |
| 2♥ | 6 | 26 | |
| 3♥ | 40 | 1 | |
| 4♥ | 47 | 11 | |
| 5♥ | 7 | 28 | |
| 6♥ | 3 | 13 | 23 |
| 7♥ | 28 | 10 | |
| 7♥ | 30 | 5 | |
| 8♥ | 9 | 81 | |
| 10♥ | 1 | 4 | |
| J♥ | 17 | 12 | |
| Q♥ | 21 | 16 | |
| K♥ | 6 | 8 | 12 |

ကံကောင်းမယ့်ဂဏန်းက ဘာဂဏန်းလဲ

| | | | |
|---|---|---|---|
| A♣ | 8 | 3 | 37 |
| 2♣ | 34 | 15 | |
| 3♣ | 22 | 52 | |
| 4♣ | 16 | 8 | |
| 5♣ | 19 | 23 | |
| 6♣ | 4 | 5 | 10 |
| 7♣ | 21 | 33 | |
| 8♣ | မ, ဂဏန်းအားလုံး | | |
| 9♣ | 50 | 49 | |
| 10♣ | 7 | 2 | |
| J♣ | 18 | 25 | |
| Q♣ | 39 | 12 | |
| K♣ | 1 | 6 | |

| | | |
|---|---|---|
| A♠ | 4 | 39 |
| 2♠ | 26 | 2 |
| 3♠ | 7 | 29 |
| 4♠ | 9 | 43 |
| 5♠ | 18 | 19 |
| 6♠ | 2 | 22 |
| 7♠ | 13 | 31 |
| 8♠ | 44 | |
| 9♠ | 16 | |
| 10♠ | 12 | |
| J♠ | သီးခြားဂဏန်းမရှိ နောက်က သုညပါတဲ့ဂဏန်း | |
| Q♠ | 16 | 49 |
| K♠ | 11 | 20 |

## တစ်နှစ်တာမှာ ကံကောင်းမယ့်အချိန်

A♦ ဖေဖော်ဝါရီလ ကုန်ခါနီး။
2♦ ဧပြီလမှာ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ပြီး တာဝန်မယူနှင့်။
3♦ ဇွန်လ။
4♦ အချစ်ရေးအတွက်ကတော့ မေလ၊ အခြားကိစ္စအတွက် ဒီဇင်ဘာ။
5♦ ဇူလိုင်လက အကောင်းဆုံး။
6♦ ခရီးသွားမယ်ဆိုရင် စက်တင်ဘာလ။
7♦ အောက်တိုဘာလမှာ ဘာဆုံးဖြတ်ချက်မှ မချနှင့်။
8♦ ဒီဇင်ဘာကတော့ ကောင်းပေါ့။
9♦ ဆောင်းဦးပေါက်မှာ ပျော်ရွှင်ရမယ်။
10♦ ဇန္နဝါရီလ။
J♦ မတ်လက ကောင်းတယ်။
Q♦ ဩဂုတ်လအတွင်းမှာ အပြောင်းအလဲလုပ်ပါ။
K♦ ဇွန်လကုန်ဆိုပါတော့။

A♥ ဧပြီလ။
2♥ ဒီဇင်ဘာနှောင်းပိုင်း။
3♥ မေလအလယ်။
4♥ အောက်တိုဘာ (ဂျစ်ပ်စီလ)။
5♥ ဇူလိုင်။
6♥ မေလအတွင်း။
7♥ ဇန္နဝါရီ။
8♥ ဩဂုတ်လ လဝက်ကျော်ချိန်။
9♥ ဖေဖော်ဝါရီ။
10♥ ဇွန်လ။
J♥ ဧပြီလကတော့ ပျော်စရာအတိ။
Q♥ နွေရာသီအလယ်။
K♥ စက်တင်ဘာလ။

## တစ်နှစ်တာမှာ ကံကောင်းမယ့်အချိန်

A♣ နှိုဝင်ဘာလမှာ လုပ်စရာရှိတာ သွက်သွက်လုပ်ထား။
2♣ ခရစ်စမတ်နေ့။
3♣ ဆောင်းနှောင်းရာသီ။
4♣ မတ်လ။
5♣ နှင်းတွေဝေတဲ့အချိန်။
6♣ ပျံလွှားငှက်တွေ အသိုက်ဆောက်တဲ့အချိန်။
7♣ ရွက်ကျင်တွေ ကြွေတဲ့အချိန်။
8♣ မေလ။
9♣ ဒီဇင်ဘာ။
10♣ ဆောင်းဦးပန်းတွေ ပွင့်တဲ့အချိန်။
J♣ ခိုက်ခိုက်တုန်အောင်ချမ်းတဲ့အချိန်။
Q♣ ဇူလိုင်လ။
K♣ နှစ်ကုန်ချိန်။

A♠ တမာပွင့်ချိန်။
2♠ ဇန္နဝါရီလ။
3♠ နွေရာသီအလယ်။
4♠ ဆောင်းနှင်းများနှင့်အတူ။
5♠ မိုးဦး။
6♠ မေလအစောပိုင်း။
7♠ ဒီဇင်ဘာလ။
8♠ မီးပုံးကလေးတွေဆွဲတဲ့အချိန်။
9♠ ဇူလိုင်လ။
10♠ ဆောင်းဦးပေါက်။
J♠ ဖေဖော်ဝါရီလ။
Q♠ စက်တင်ဘာလ။
K♠ ခရစ်စမတ်နီးတဲ့အချိန်။

## ကံအပြောင်းအလဲ ဘယ်တော့ဖြစ်မှာလဲ

A♦ တစ်လအတွင်း ပြောင်းလဲမယ်။

2♦ ခရီးတိုက အစစ ပြောင်းလဲသွားလိမ့်မယ်။

3♦ မကြာတော့ဘူး . . .။ အကောင်းဘက်ပြောင်းမယ်။

4♦ သူငယ်ချင်းတစ်ယောက်ရဲ့ လုပ်ရပ်ကြောင့် ပြောင်းလဲမှာ။

5♦ ဟုတ်တယ် . . .။ စမ်းတဝါးဝါးနေရင်းက ပြောင်းလဲသွားမယ်။

6♦ ကံအခွင့်အလမ်းကောင်းက စောင့်နေတယ်လေ။

7♦ သတိထားနော် . . .။ သဲပြင်ပေါ် လမ်းလျှောက်နေတာ။

8♦ ဒုံရင်းက ဒုံရင်းပါပဲ။

9♦ မပူနှင့်။ အခြေအနေကောင်းသားပဲ။

10♦ ကြမ္မာဆိုးက မုန်တိုင်းလို လာနေပြီ။

J♦ သင့်ပေါ် တည်ပါတယ်။

Q♦ ကံတရားက သင့်ဘက်မှာပါ။

K♦ အကြီးအကျယ် အံ့အားသင့်ရတော့မယ်။

A♥ ကြောက်ရွံ့စိတ်က မတားဆီးရင်ပေါ့။

2♥ ကံမပြောင်းခင် ဒီထက်ဆိုးဦးမယ်။

3♥ တနယ်တကြေး မပြောင်းနိုင်ရင် ဘာမှ မလုပ်ပါနှင့်ဦး။

4♥ အင်း . . . အကြီးအကျယ် ပြောင်းလဲတော့မှာ။

5♥ စိတ်ညစ်မနေနှင့်။ ပြီးသွားပါပြီ။

6♥ အကြီးအကျယ် အစမ်းသတ်ခံရဦးမယ်။

7♥ မကြာတော့ပါဘူး . . .။ အကောင်းဘက်ပြောင်းတော့မှာ။

8♥ မကြောက်ပါနဲ့ . . .။ အားလုံး ကောင်းပါတယ်။

9♥ ကြာလေလေ ကောင်းလေလေ . . .။

10♥ ရှေ့မတိုး နောက်မဆုတ် အခြေအနေ။

J♥ ကံအခွင့်အလမ်းတွေ ပွင့်လန်းတော့မယ်။

Q♥ သည်းခံပါ . . .။ မကြာတော့ဘူး။

K♥ စိတ်စွမ်းအား ကောင်းမယ်ဆိုရင်ပေါ့။။

## ကံအပြောင်းအလဲ ဘယ်တော့ဖြစ်မှာလဲ

A♣ မည်သူမည်ဝါမှန်းမသိတဲ့သူတစ်ယောက်ရဲ့ အကူအညီကြောင့်။

2♣ ဒီထက်ပိုပြီး ဝေဖန်ပိုင်းခြားတတ်ရင် ပြောင်းလဲမယ်။

3♣ ပထမဦးဆုံး သင့်ကိုယ်သင် အရင်သေချာအောင် လုပ်ပါဦး။

4♣ သင့်ကို မကောင်းကြံတာ ခံရဦးမယ်။

5♣ မကြာတော့ပါဘူး . . . ။

6♣ စိတ်ထင့်မနေပါနှင့် . . . ။ ကောင်းပါတယ်။

7♣ ပေါ့ပေါ့တန်တန် သဘောထားပါ။ အဆင်ပြေပါတယ်။

8♣ ဟုတ်တယ် . . . ။ မိုးမချုပ်ခင်။

9♣ တစ်လအတွင်း . . . ။ ဒီထက်စောချင်စောမယ်။

10♣ ပြောင်းလဲမယ် . . . ။ သူများပေးတဲ့ အကြံဉာဏ်ကို လက်ခံပါ။

J♣ အနာဂါတ်က သိပ်ကောင်းပါတယ်။

Q♣ မှောက်မှားသွားတဲ့အကြံရဲ့ အကျိုးဆက်ကို ခံနေရတာပါ။

K♣ သတ္တိမွေးစမ်းပါ . . . ၊ ကေန်အောင်မယ်။

A♠ မေးစရာမလိုပါဘူး . . . ပြောင်းလဲမယ်။

2♠ ကိစ္စဝိစ္စတွေကို မေ့ထားလိုက်တာအကောင်းဆုံး။

3♠ ပြောင်းလဲမယ် . . . ထပ်ပြီး ပြောင်းလဲဦးမယ်။

4♠ ဒီထက်ပိုပြီး ကြိုးစားစမ်းပါဦး။

5♠ ကံမကောင်းသေးဘူးနော်။

6♠ အကြွင်းမဲ့ အောင်မြင်မယ့်သဘော ရှိတယ်။

7♠ ထပ်ပြီး ကြိုးစား။ နည်းပရိယာယ်သစ်ကို သုံး . . . ။

8♠ မကြိုးစားဘဲ ရပ်မနေဖို့ အကြံပြုပါတယ်။

9♠ နောက်ထပ် အခွင့်အလမ်း မရှိတော့ဘူးနော်။

10♠ တစ်နှစ်တော့ စောင့်ပါဦး။

J♠ အလားအလာကောင်းတဲ့အသံ ကြားရပါတော့မယ်။

Q♠ ပြောင်းလဲမယ် . . . ။ တိုးတက်မယ်။

K♠ ရဲရဲကြိုးစား . . . ။ ဆုလာဘ်ရမယ်။

## သူက စိုးမိုးတာ ကံကောင်းတာလား ကံဆိုးတာလား

A♦ အဲဒီလူကို ရှောင်ရှားပါ။
2♦ မြှောက်ပင့်ပြီး စိုးမိုးမှုကို ရယူတာပါ။
3♦ သင့်ဘဝမှာ အကောင်းဆုံး စိုးမိုးခြင်းပဲ။
4♦ အတူတကွ ခရီးမသွားပါနဲ့။
5♦ မျှော်လင့်ခြင်းနှင့် စည်းစိမ်းရဲ့လမ်းစ ဆိုပါတော့။
6♦ အဲဒီ ကိုလူချောက အထောက်အကူအများကြီး ပေးနိုင်တယ်။
7♦ သင့်ရဲ့ ယုံကြည်အားထားမှု မှောက်မှားသွားမှာ သေချာတယ်။
8♦ စိုးမိုးတယ်လို့ ထင်နေတာ . . . မဟုတ်ပါဘူး။
9♦ ခရီးသွားဟန်လွှဲ သက်သက်ပါ။
10♦ မကောင်းဖို့ပါပဲ။
J♦ ဒီထက်တိုးပြီး ဆိုးစေမယ့်သူပါပဲ။
Q♦ သင်က နောက်လိုက်ဖြစ်မှန်းမသိ ဖြစ်နေပြီလေ။
K♦ စိုးမိုးတာကို သင်ကပဲ သဘောကျနေတာမဟုတ်လား။

A♥ သင့်ကို ကူညီချင်တာပါ။
2♥ ကိုယ့်ဟန်ကို ကိုယ်ထိန်းထားဖို့ပါပဲ။
3♥ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမှာပါ။
4♥ အများက သရော်မှာကိုတော့ သင်ကြောက်သားပဲ။
5♥ ဒီလူကို သိပ် ပစားမပေးပါနှင့်။
6♥ အထူးကိစ္စတွေမှာ အားထားရပါတယ်။
7♥ သင့်အဖို့ ကံဆိုးဖို့ အကြောင်းပါပဲ။
8♥ အကောင်းဆုံးဖြစ်လာမယ့် အခြေအနေပါ။
9♥ နေရဲ့ အလင်းရောင်လိုပါပဲ။
10♥ အများကြီး တိုးတက်ပြောင်းလဲနေပါတယ်။
J♥ မင်းကို လှည့်ပတ်ဖြားယောင်းရုံပါပဲ။
Q♥ စိတ် မသက်သာစရာ အကြောင်းပါပဲ။
K♥ ကိုယ့်တာဝန်သိမှုကို ကိုယ် တိုးမြှင့်ပေးပါ။

## သူက စိုးမိုးတာ ကံကောင်းတာလား ကံဆိုးတာလား

A♣ တကယ်လှည့်စားတတ်တဲ့သူပါ။
2♣ သင့်ကို ပုန်ကန်ထကြွအောင် အားပေးအားမြှောက်ပြုရုံပါပဲ။
3♣ သဲထိတ်ရင်ဖိုအရာတွေ တွေ့ပါလိမ့်မယ်။
4♣ စိတ်အာရုံကို နှိုးဆွနေသူပါ။
5♣ သင် ကံကောင်းဖို့ပါပဲ။
6♣ စိတ်ပျက် အားငယ်စရာတွေပါပဲ။
7♣ သင့်ကို အနာဂါတ်ကို စိုးရွံ့လာစေလိမ့်မယ်။
8♣ ငြိမ်းအေးခြင်းကို ပေးစွမ်းပါလိမ့်မယ်။
9♣ သံယောဇဉ် ဖြစ်နေမှုပဲ . . . ။
10♣ သင့်ရဲ့ သဘောထားကြီးမှုကြောင့် အဆင်ပြေမှာပါ။
J♣ သင် အေးတိအေးစက် ဖြစ်ကျန်ခဲ့မယ်။
Q♣ မရေရာပါဘူး။
K♣ စိတ်သဘောထား နူးညံ့တာကတော့ သေချာတယ်။

A♠ စိတ်ညှိုးငယ်စရာပါပဲ။
2♠ ဖျတ်လတ်နိုးကြားလုပ်ဆောင်ဖို့ စေ့ဆော်ရုံလောက်ပါပဲ။
3♠ သတိထားနော် . . .၊ အန္တရာယ်ကြုံရမယ်။
4♠ သင်ကောင်းဖို့ ဖြစ်လာတာပါ။
5♠ သင် လိုအပ်တဲ့အခါ အားပေးဖော်ရမှာပေါ့။
6♠ သင် ဘဝင်မြင့်စရာ ဖြစ်လာတာပေါ့။
7♠ ပျော်စရာဖြစ်မှာပါ။
8♠ အလွန် ကံမကောင်းတဲ့သဘောလို့ ဆိုရမယ်။
9♠ အကောင်းဆုံးက ရှောင်ရှားဖို့ပါပဲ။
10♠ သင် စိတ်အာရုံကို အေးဆေးငြိမ်သက်စေမှာပါ။
J♠ တကယ့်ကို အဖော်ကောင်းပါပဲ။
Q♠ အလှကြိုက်ရင်တော့ အံကိုက်ပါပဲ။
K♠ အတိုင်းအတာတစ်ခုကကျော်ရင်တော့ ကံဆိုးပြီသာမှတ်။

## စိတ်ကူးထားတဲ့အစီအစဉ် အောင်မြင်မှာလား

A♦ အထိုက်အလျောက်ပဲ။
2♦ စွန့်လွှတ်လိုက်တာကောင်းမယ်။
3♦ သင့်အပေါင်းအဖော်တွေ စိတ်မချရဘူး။
4♦ စိတ်မနှစ်မြို့စရာ ကြုံရမယ်။
5♦ မျှော်မြင်စဉ်းစားလိုက်ရင် လုပ်ဖြစ်မှာမဟုတ်ပါဘူး။
6♦ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှာပါ။
7♦ သတိကြပ်ကြပ်ထားနော် . . . ။ မြက်ထဲမှာ မြွေရှိတယ်။
8♦ စိတ်ကျေနပ်ရမှာပါ။
9♦ အချိန်တန်ရင် အလားအလာကောင်းလာမှာပါ။
10♦ လျှို့ဝှက်မျိုသိပ်ထားရင် အောင်မြင်မယ်။
J♦ ဝီရိယလွန်ကဲပြီး အစီအစဉ်ပျက်စီးလိမ့်မယ်။
Q♦ မျှော်လင့်မထားတော့တဲ့အချိန်မှာ အောင်မြင်မယ်။
K♦ အောင်မြင်ပါလိမ့်မယ်။

A♥ မျှော်လင့်မထားဘဲ အောင်မြင်မှာပါ။
2♥ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ စောင်မမှုကြောင့် အောင်မြင်မယ်။
3♥ မအောင်မြင်နိုင်ဘူး။
4♥ နှောင့်နှေးနေဦးမှာပါ။
5♥ အစိတ်စိတ်အမွှာမွှာဖြစ်သွားလိမ့်မယ်။
6♥ စိတ်ကူးယဉ်အိပ်မက်တစ်ခုမျှသာပါပဲ။
7♥ ပျော်ရွှင်စရာတွေ ဆောင်ကြဉ်းပေးပါလိမ့်မယ်။
8♥ သူ့ဝန်သူထမ်း ကိုယ့်ဝန်ကိုယ်ထမ်းရင်တော့ . . . ။
9♥ နက်ဖြန်ကျရင် အဖြေပေါ်လိမ့်မယ်။
10♥ သင် အားလုံးကို အောင်နိုင်မယ်။ အနိုင်ပြန်ရမယ်။
J♥ ကိုယ့်ရပ်တည်ချက် မှန်ကန်ဖို့ အဓိကပါပဲ။
Q♥ ငွေရင်းငွေနှီး ထည့်စိုက်နိုင်ရင်ပေါ့ . . . ။
K♥ အမှတ်မထင်ဘဲ အောင်မြင်ပါလိမ့်မယ်။

## စိတ်ကူးထားတဲ့ အစီအစဉ် အောင်မြင်မှာလား

A♣ စေ့စပ်ညှိနှိုင်းတဲ့နည်းကို သုံးပါ။
2♣ ကြိုးစားပမ်းစား လုပ်ရပြီးတော့မှ အောင်မြင်မယ်။
3♣ အောင်မြင်ခါနီးမှာ အနှောင့်အရှက်တွေ့မယ်။
4♣ ရိုးရိုးရှင်းရှင်းကလေး အကောင်အထည်ဖေါ်ပေတော့။
5♣ ထုတ်ဖော်ပြောမိရင် ပျက်မယ်။
6♣ တမူထူးခြားအောင်လုပ်ရင်တော့ အောင်မယ်။
7♣ မှတ်မှတ်သားသားလေးဖြစ်အောင်လုပ် . . .၊ အောင်မြင်မယ်။
8♣ စိတ်ကူးပေါက်ရုံသက်သက်မျှသာပါ။
9♣ စွန့်လွှတ်လိုက်တော့။ ဒုက္ခပေးလိမ့်မယ်။
10♣ နှင်းဆီပန်းတစ်ပွင့် ငွါးငွါးစွင့်စွင့် ပွင့်လာသလိုပေါ့။
J♣ ဆောင်းတွင်းရောက်ရင် အဆင်ပြေမယ်။
Q♣ ရေခြား မြေခြား . . . မှာ။ လက်ရှိနေရာမှာ မဟုတ်ဘူး။
K♣ နှောင် တစ်ချိန်ချိန်ကျမှ။

A♠ နောက်နှစ် နွေဦးပေါက်မှာ။
2♠ ဒီထက်ကောင်းတာ ရရှိကိန်းရှိတယ်။
3♠ လုပ်ရသလောက် အရာမထင်နိုင်ဘူး။
4♠ ခဲလေသမျှ သဲရေကျပါပဲ။
5♠ မေတ္တာတရားကြောင့် အောင်မြင်မှာ။
6♠ စိတ်ဇွဲမလျှော့နှင့်။
7♠ မကြာတော့ပါဘူး။
8♠ မျှော်လင့်စရာ အရိပ်အယောင် မရှိဘူး။
9♠ ပျော်စရာ အပြောင်းအလဲကလေး နီးနေပြီ။
10♠ ဘက်စုံအောင်မြင်ပါလိမ့်မယ်။
J♠ နောက်ဆုံးထွက်သက်အချိန်အထိမှပဲ။
Q♠ အောင်မြင်နိုင်ခြေနည်းတယ်။
K♠ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ။

## မျှော်လင့်စောင့်စားနေတဲ့စာ ရမှာလား

A♦ ရမယ်။ မျက်ရည်တွေ စိုစွတ်လို့။
2♦ မိန်းမတောင်းနေလို့ ကြာသွားတာ။
3♦ ရမယ် . . . ။ တန်းတန်းမတ်မတ်ပဲ။
4♦ မှားရောက်သွားတော့မလို့။
5♦ ရမယ် . . . ။ ပျော်ရွှင်စရာတွေပါမယ်။
6♦ ပူးတွဲပါ . . . ပါလာမယ်။
7♦ ရမယ် . . . ။ စဉ်းစားစရာတွေပါလာမယ်။
8♦ မမျှော်လင့်တော့တဲ့ အခါကျမှ။
9♦ စပ်စုတဲ့သူတစ်ယောက်တောင် ဖတ်ပြီးသွားပြီ။
10♦ စာတိုက်က နောက်ကျနေတာပါ။
J♦ စာပို့သမားလက်ထဲ ရောက်နေပြီ။
Q♦ တာဝန်ရှိတဲ့သူလက်ထဲမှာ ကြံ့ကြာနေတာ။
K♦ နောက်ရက် အနည်းငယ်ကြာဦးမယ်။

A♥ ရေးတောင် မရေးဖြစ်သေးဘူး။
2♥ တစ်ယောက်က ရေရွတ်ပေးတာ . . . ။ ရောက်လာမှာပါ။
3♥ မရဘူး။ တယ်လီဖုန်းဆက်လိမ့်မယ်။
4♥ တော်တော်ကြာပြီးတော့မှ။
5♥ မရဘူး . . . ။ မတော်တဆဖြစ်မှုတစ်ခုပါနေလို့။
6♥ နောက်ဆုံးစာကို ပြန်မထားရင် ရမှာမဟုတ်ဘူး။
7♥ အတော်ကြီးကို ကြာဦးမယ်။
8♥ မရသေးဘူး . . . ။ စာရေးရမှာ တကယ်ပျင်းတဲ့သူ . . . ။
9♥ ရမယ်။ ဒေါသထွက်နေတဲ့စာ။
10♥ ရတော့ရမှာပါ။
J♥ စိတ်ချမ်းသာစရာ စာပါ။ လာလိမ့်မယ်။
Q♥ စာရရင် ဘဝအတွေးအမြင်ပါ ပြောင်းသွားမယ်။
K♥ အကြံဉာဏ်တွေ ပေးထားတဲ့စာ . . . လာမယ်။

## မျှော်လင့်စောင့်စားနေတဲ့စာ   ရမှာလား

A♣ စာမျက်နှာ တော်တော်များများမှာ အလွမ်းသယ်ထားတယ်။
2♣ ကိုယ်က စာရေးမယ့်အစီအစဉ်ကို ရပ်ဆိုင်းထားလိုက်တော့။
3♣ နက်ဖြန် ရောက်လာမယ်။
4♣ စိတ်ကျေနပ်ပျော်ရွှင်ရမှာပါ။
5♣ စီကာပတ်ကုံး ဖွဲ့နွဲ့ထားတဲ့စာပါ . . .၊ ရတော့သိမယ်။
6♣ သတင်းစကားကြောင့် စိတ်မချမ်းမသာဖြစ်ရမယ်။
7♣ လိပ်စာ ငြင်းပယ်တဲ့အကြောင်း ပါလိမ့်မယ်။
8♣ လွမ်းဆွတ်ပူဆွေးစရာတွေ ဆောင်ကြဉ်းလာမယ်။
9♣ မမျှော်လင့်ပါနှင့်တော့။
10♣ ကောက်ကျစ်စဉ်းလဲခံလိုက်ရတယ်။
J♣ စာကို အခိုးခံရတယ်။
Q♣ ကတိစကားတွေ ဝေဆာလို့။
K♣ ပျော်ဖို့ကောင်းတဲ့စာ ဖြစ်မှာပါ။

A♠ လာမှာပါ . . .။ အောက်မေ့စရာတစ်ခု တိုးလာမယ်။
2♠ စာတော့ မလာဘူး။ ကတ်ပြားလာမယ်။
3♠ အိပ်မက်မက်နေတဲ့စာ လာနေပါပြီ . . .။
4♠ မြူးကြွသွားစေဖို့ ရောက်လာတော့မှာပါ။
5♠ ချီးမွမ်းခန်းတွေဖွင့်ထားတဲ့စာနော် . . .။
6♠ စိတ်မချမ်းမြေ့စရာကောင်းတဲ့စာပါ . . .။
7♠ စိတ်ထိခိုက် တုန်လှုပ်သွားစေမယ့် စာပဲ . . .။
8♠ သူငယ်ချင်းကောင်းတစ်ယောက်ရဲ့ စာ။
9♠ အမြန်စာပို့နှင့် ရောက်လာတော့မှာ။
10♠ စာထဲမှာ သတိပေးချက်တွေ ပါတယ်နော်။
J♠ တော်တော် လိမ်မာပါးနပ်စွာ ဖြေထားတဲ့စာ။
Q♠ သင် မျှော်လင့်တဲ့စာတော့ မဟုတ်ဘူး။
K♠ သိပ် အကြာကြီးနေမှ ရောက်မှာ။

## သူ ပျော်နေသလား၊ လွမ်းနေသလား

A♦ သင့်ကြောင့် လွမ်းနေရတယ်။
2♦ တမူခြားပြီး စိမ်းကားနေပါတယ်။
3♦ ပျော်နေတယ်။ သင်ထင်တဲ့အကြောင်းကြောင့် မဟုတ်ဘူး။
4♦ ဘဝကို ကောင်းကောင်း ပျော်မွေ့နေတယ်။
5♦ အထီးကျန်နေတယ်။
6♦ အလွမ်းတွေ ပြေသလောက်ပါပဲ။
7♦ စိတ်ထိခိုက်စရာတော့ မရှိပါဘူး။
8♦ စိတ်ပင်ပန်းနေတယ်။
9♦ ပျော်အောင် ကြိုးစားနေတယ်။
10♦ မှန်းဆရ ခက်အောင်ပါပဲ။
J♦ လွမ်းနေတယ်။
Q♦ မမေ့နိုင်စရာအကြောင်းတွေက များလို့မို့ . . . ။
K♦ ဖြေလျှော့ခွေ . . . ဖြစ်နေတယ်။

A♥ သိပ်ပျော်ပြီး အိပ်ရာဝင်သွားပြီ။
2♥ မေ့မရအောင် စွဲလမ်းလို့ ခက်နေလေရဲ့။
3♥ အလွမ်းတွေ လျှော့သွားပါပြီ။
4♥ သူ့ကို ကိုယ်တိုင်မေးကြည့်ဖို့ ကောင်းတယ်။
5♥ ပျော်ဖို့နေနေသာသာ . . . ။
6♥ လွမ်းရတာများလို့ . . . ခံသာသွားပြီ။
7♥ အခွင့်အလမ်းကို ရှာနေတယ်။
8♥ သေငယ်ဇောနှင့် မျောနေပြီ . . . ။
9♥ အသည်းအသန် စိတ်ကောက်နေလေရဲ့။
10♥ အပြုံးမပျက်ပါဘူး။
J♥ နောက်တစ်ယောက်ကြောင့် အလုပ်ရှုပ်နေတယ်။
Q♥ သိပ်၊ သိပ်ဝမ်းနည်းနေတယ်။
K♥ အလွမ်းတွေကို ဖြေဖျောက်နိုင်သွားမှာပါ။

## သူ ပျော်နေသလား၊ လွမ်းနေသလား

A♣ လွမ်းနေတယ်၊ သင့်ကြောင့်။

2♣ ဘယ်နှယ့်မှ မဖြစ်ပါဘူး။ စိမ်းစိမ်းကားကားပါပဲ။

3♣ ပျော်နေတယ်၊ ဒါပေမယ့် မင်းထင်တဲ့အကြောင်းကြောင့် မဟုတ်ဘူး။

4♣ ဘ၀ကို ကျေနပ်ပီတိဖြစ်နေတယ်။

5♣ အထီးကျန်နေတယ်။

6♣ အတော်လေး စိတ်ဖြေသာသွားပါပြီ။

7♣ လွမ်းဆွေးရလောက်တဲ့အထိ မခံစားရပါဘူး။

8♣ စိတ်မသက်သာတာတော့ အမှန်ပဲ။

9♣ အချိန်ကို အကျိုးရှိရှိ အသုံးချနေတယ်။

10♣ ခံစားမှုကို ဖုံးကွယ်ထားတယ်။

J♣ လွမ်းနေတယ်။

Q♣ စိတ်တော်တော် ထိခိုက်ခံစားနေရတယ်။

K♣ အေးအေးဆေးဆေးပါပဲ။

A♠ အပျော်တောင် လွန်နေသေးတယ်။

2♠ စိတ်တော့ ထိခိုက်နေတယ်။

3♠ ပျော်နေတာပေါ့။

4♠ ဘာ၀နာ စီးဖြန်းနေတယ်။

5♠ ကဗျာစပ်နေတယ်။

6♠ ဆုံးဖြတ်ချက်ချနေတယ်။

7♠ တော်တော်တော့ စိတ်ထိခိုက်ခံစားနေရတယ်။

8♠ မျှော်လင့် စောင့်စားနေတယ်။

9♠ လွမ်းနေတယ်။

10♠ မကျေမနပ် ဖြစ်နေတယ်။

J♠ အံကြိတ်ပြီး ကြိတ်မနိုင်ခဲမရ ဖြစ်နေတယ်။

Q♠ မဝေခွဲနိုင် ဖြစ်နေတယ်။

K♠ မခံချိမခံသာ ဖြစ်နေတယ်။

## ခရီးထွက်တာ အထမြောက်အောင်မြင်မှာလား

A♦ လဆန်းရက်သွားရင်ပေါ့။
2♦ နှောင့်နှေးကြံ့ကြာအောင် အလုပ်မခံရရင်ပေါ့။
3♦ ရေကြောင်းခရီး ဒါမှမဟုတ် ရေကို ဖြတ်သွားရရင်။
4♦ အနှောင့်အယှက်တစ်ခု ရှိနေတယ်။
5♦ အလွန် အကျိုးဖြစ်ထွန်းမယ်။
6♦ ပျော်စရာ၊ ကြည်နူးစရာ၊ ချမ်းမြေ့စရာ ဖြစ်မယ်။
7♦ ပျော်စရာကောင်းတဲ့ နေရာကလေးတွေက ကြိုဆိုနေတယ်။
8♦ ခရီးထွက်ခါစတုန်းကနှင့် မတူအောင် လိမ်မာရေးခြားရှိလာမယ်။
9♦ တစ်ယောက်တည်း သွားရင်ပေါ့။
10♦ မိတ်ဆွေ မဖွဲ့သင့်တဲ့သူတွေကို ဂရုစိုက်ရမယ်။
J♦ အထမမြောက်မှာ စိုးရတယ်။
Q♦ ခရီးထွက်တဲ့နေ့မှာ ခရီးဖော်တွေကို သတိထားနော်။
K♦ မင်္ဂလာအပေါင်းနှင့် ပြည့်စုံမှာပါ။

A♥ ရာသီဥတုနှင့်တော့ မသက်ဆိုင်ဘူး။
2♥ အထိုက်အလျောက်ဆိုပါတော့။
3♥ သင်နှင့် သက်ဆိုင်သူ လူတစ်ယောက်ပေါ်တည်တယ်။
4♥ အကြီးအကျယ် ကောင်းကျိုးရမယ်။
5♥ အဘက်ဘက်က ကောင်းကျိုးရရှိမယ်။
6♥ ဒေါသကြောင့် အကျိုးဆုတ်ယုတ်မယ်။
7♥ မုန်တိုင်းကိုသတိထား။
8♥ အတော်အတန်ဆိုပါတော့။
9♥ တော်တော်လေး သဘောတွေ့စရာပါပဲ။
10♥ အောင်မြင်မှုက ခရီးဦး ကြိုဆိုနေမှာ။
J♥ တော်တော်ကို စိတ်အနှောင့်အယှက်ဖြစ်မယ်။
Q♥ မဆိုးဘူးလို့ဆိုပါတော့။
K♥ အကျိုးရှိမယ့် ခရီးပါပဲ။

## ခရီးထွက်တာ အထမြောက် အောင်မြင်မှာလား

A♣ သင်ကတော့ မသိဘူး . . .။ သိပ် အရေးကြီးတယ်။
2♣ သင်နှင့် အဖော်ပါသူတွေအဖို့တော့ အကျိုးမဖြစ်ပါဘူး။
3♣ အထမြောက် အောင်မြင်မယ်။
4♣ ငွေကြေးကိစ္စဆိုရင်ပေါ့။
5♣ ခရီးမှာ ချစ်သူတို့ ဆုံတွေ့ပွဲနှင့် အဆုံးသတ်မယ်။
6♣ ခရီးတိုပေမယ့် ပျော်စရာပါ။
7♣ ကံအခွင့်အလမ်းကောင်းပါတယ်။
8♣ သတိတော့ရှိနော်။ အန္တရာယ်ရှိတယ်။
9♣ ချင့်ချိန်တိုင်းဆပြီး လုပ်ပါ . . .။ အောင်မြင်မယ်။
10♣ မအောင်မြင်နိုင်ဘူး။ စိတ်ဒုက္ခရောက်မယ်။
J♣ ခရီးဆုံးကိုရောက်ရင် ထိတ်လန့်စရာကြုံရမယ်။
Q♣ တော်တော့်ကို ကံကောင်းမှာပါ။
K♣ ခရီးဆောင်အိတ် ပျောက်ဆုံးမယ်။

A♠ ခရီးစဉ်အတွင်း ရှုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားတာကြုံမယ်။
2♠ ပျော်ရွှင်စရာကောင်းမှာပါ။
3♠ တကယ့်ကို ပျော်စရာတွေနှင့် ကြုံတွေ့ရမှာပါ။
4♠ နှောင့်နှေးကြံ့ကြာစရာတွေ့ရင် အလောမကြီးပါနှင့်။
5♠ သတိဝီရိယထားပြီး သွားပါ။
6♠ အိမ်မှာပဲနေတာ ကောင်းတယ်။
7♠ အကြီးအကျယ် အပြောင်းအလဲတွေ ကြုံဆိုနေတယ်။
8♠ အကျိုးမရှိရင်တောင် ပျော်ရွှင်မှုရမှာပါ။
9♠ သတိနှင့်ယှဉ်ပါ။
10♠ ခရီးသွားကောင်းတစ်ယောက် မဟုတ်တာတော့ သေချာတယ်။
J♠ ခရီးစထွက်ပြီးရင် စိတ်ချမ်းသာ ပျော်ရွှင်သွားမယ်။
Q♠ စိတ်ပျက်စရာနှင့် တွေ့ဆုံကြုံကြိုက်စရာရှိတယ်။
K♠ အဘက်ဘက်က အဆင်ပြေကောင်းမွန်တယ်။

## ဘယ်သူ့ကို ရှောင်ရှားရမှာလဲ

A♦ ခြေထော့ကျိုးဖြစ်နေတဲ့သူ . . .။
2♦ ဆံပင်ရှည်ရှည်နှင့်လူ . . .။
3♦ မျက်ခုံးချင်း ဆက်နေတဲ့သူ . . .။
4♦ သက်လတ်ပိုင်း၊ မျက်လုံးရီဝေ၊ ဆံပင်ဖြူနေတဲ့သူ . . .။
5♦ မျက်မှန်နှင့်လူ . . .။
6♦ ဆန့်ကျင်ဘက်လိင်။
7♦ ဆရာဝန်။
8♦ ဗေဒင်ဝါသနာပါတဲ့သူ . . .။
9♦ လောင်းကစားသမား။
10♦ ဆံပင်ကောင်းတဲ့မိန်းမ . . .။
J♦ အနားနေပြီး ကိုယ့်ကို ချစ်ခင်နေတဲ့သူ . . .။
Q♦ သင်က ယုံစားရတဲ့သူ . . .။
K♦ သင့်ရဲ့ သစ္စာမရှိတဲ့ မိတ်ဆွေ . . .။

A♥ ဆံပင်ကောက်တိ ကောက်ကွေးနှင့်လူ။
2♥ သင့်ရဲ့ သစ္စာမရှိတဲ့ သူငယ်ချင်း။
3♥ သင်နှင့် အကျွမ်းဝင်ပြီးသား အပြောကောင်းတဲ့သူ . . .။
4♥ လူရွယ် . . . ပြုံးထေ့ထေ့နှင့် လိမ်ညာတတ်သူ . . .။
5♥ အင်္ဂါနံနှင့် စတဲ့ နာမည်ပိုင်ရှင်။
6♥ ယုံလောက်အောင် လှည့်စားတတ်တဲ့သူ . . .။
7♥ မရင်းနှီးတဲ့ အသိအကျွမ်း။
8♥ မိတ်ဟောင်းဆွေဟောင်းတွေ။
9♥ သင့်လျှို့ဝှက်ချက်ကို သိထားတဲ့သူတွေ။
10♥ ခေါင်းသိပ်မာတဲ့ မိန်းမကြီးတစ်ယောက်။
J♥ သင်နှင့် တစ်အိမ်တည်းအတူနေသူတစ်ယောက်။
Q♥ သွားကြီးကြီး အတင်းအဖျင်း ပြောသန်တဲ့ မိန်းမကြီး။
K♥ လူမျိုးခြား၊ ဘာသာခြား။

## ဘယ်သူ့ကို ရှောင်ရှားရမှာလဲ

A♣ သင့်ကို အကြံပေးနေတဲ့သူ . . .။
2♣ အတ္တကြီးလွန်းတဲ့သူ။
3♣ သင့်ကို ချစ်ကြိုက်နေတဲ့သူ။
4♣ သိပ် မကျွမ်းသေးတဲ့ အသိအကျွမ်း။
5♣ သင့်ရဲ့ လူယုံတော်။
6♣ ဘယ်သူ့ကိုမှ ရှောင်ရှားစရာမလိုပါဘူး။
7♣ သင့်ကို နောက်ပိုးနေတဲ့ အသက်ကြီးကြီးလူ။
8♣ နိုင်ငံရပ်ခြားက ခန့်ခန့်ညားညား ယောကျ်ား။
9♣ ခွေးကလေးနှင့် မိန်းမကြီးတစ်ယောက်။
10♣ ငွေချေးတဲ့သူတွေ။
J♣ ဝေဖန်ရေးသမား။
Q♣ ဉာဏ်များတဲ့သူလို့ ပြောကြတဲ့ မိတ်ဆွေ။
K♣ ကွယ်ရာမှာ အတင်းပြောတတ်တဲ့။

A♠ အစွဲအလမ်းကြီးသူ . . .။
2♠ ဟောင်ဖွာဟောင်ဖွာ စကားပြောတတ်သူ။
3♠ ဝဝဖိုင့်ဖိုင့်နှင့် ခင်စရာကောင်းတဲ့သူ . . .။
4♠ သမားတုသမားယောင်။
5♠ အကအခုန် ဝါသနာကြီးတဲ့သူ။
6♠ သင့်အကြောင်း စိတ်ဝင်စားတဲ့ အပျိုဟိုင်းကြီး။
7♠ ယောဂကျင့်စဉ်ကျင့်နေတဲ့ သူတစ်ယောက်။
8♠ သင့်ကို တိုးတက်စေချင်တဲ့ အတွေးအခေါ်သမားတစ်ယောက်။
9♠ သင့်ကို မုန်းတီးနေတဲ့ အတ္တသမားတစ်ယောက်။
10♠ မတွေ့ဘူး မမြင်ဘူးတဲ့ အရှေ့တိုင်းသားတစ်ယောက်။
J♠ ငယ်ချစ်ဟောင်း။
Q♠ ခုထိ သင်နှင့် မဆုံရသေးတဲ့သူ . . .။
K♠ နိုင်ငံရေးသမားတွေ။

## အန္တရာယ်ကြုံတွေ့ဖွယ်ရှိသလား

A♦ မီး အာမခံထားပါ။
2♦ ရှိတယ် . . . တလွဲသဘောကောင်းတာကြောင့်။
3♦ ရက်သတ္တနှစ်ပတ်လောက် အမြင့်ကိုမတက်ပါနှင့်။
4♦ စက်လှေခါး စီးရင်သတိထား။
5♦ ရှိတယ်။ ကိုယ့်ကားကို သူများကိုပေးမောင်းရင်ပေါ့။
6♦ မရှိဘူး။ အေးအေးဆေးဆေးပဲ။
7♦ အလောတကြီး ရှုပ်တီးရှုပ်ပြာ လုပ်တာသတိပြု။
8♦ အစားအသောက်ကို သတိထားပါ၊ ဆင်ခြင်ပါ။
9♦ ကိုယ့်မှာ အန္တရာယ်ကိုကာကွယ်ဖို့ အဖော်အသင်းကောင်းတွေရှိတာပဲ။
10♦ ဆုံးဖြတ်ချက်မှားတာကြောင့်။
J♦ သည်းခံခွင့်လွှတ်ရင် မဖြစ်ပါဘူး။
Q♦ မေ့နေလောက်ပြီဖြစ်တဲ့ ရန်သူဟောင်းကြောင့်။
K♦ ဘာဆို ဘာကိုမှ ကြောက်စရာမရှိပါဘူး။

A♥ ကြုံတွေ့နိုင်ပါ။ ပြီးသွားပြီပဲ။
2♥ အစွန်းမရောက်အောင် သတိထားရင် မဖြစ်ပါဘူး။
3♥ ရှိတယ် . . .။ ရေကြောင်းခရီးကို သတိထားသွား။
4♥ ချော်လဲတာမျိုးလောက်ပါပဲ။
5♥ ပစ္စည်းဥစ္စာ ဆုံးရှုံးတဲ့အန္တရာယ်မျိုး။
6♥ မရှိပါဘူး။
7♥ ဝန်တိုမှုကို အခြေခံပြီး ဖြစ်တတ်တယ်။
8♥ အပြိုင်အဆိုင်ကြုံရတတ်တယ် . . .။ သတိထား။
9♥ မထီမဲ့မြင် ပြောတာကြောင့် ဒုက္ခရောက်တတ်တယ်။
10♥ မိုးထဲရေထဲသွားလာရင် သတိထား။
J♥ တောရပ်တောရွာကို အသွားအလာရှောင်။
Q♥ မိန်းမကြီးတစ်ယောက်က မနာလိုဖြစ်တာကြောင့်။
K♥ လတ်တလောလေး သတိထား။ ကြာသွားရင် ဘာမှမဖြစ်ဘူး။

## အန္တရာယ်ကြုံတွေ့ဖွယ်ရှိသလား

A♣ တိရစ္ဆာန်တွေကို သတိထားရှောင် . . .။
2♣ မိုးတွင်း မိုးခြိမ်းတဲ့အခါ အိမ်ထဲမှာပဲ နေပါ။
3♣ မြေအိုးနှင့်ချက်တဲ့ အစားအစာ၊ သားညှပ်ပေါင်မုန့်ကိုရှောင်ပါ။
4♣ မော်တော်ဆိုင်ကယ် မစီးပါနှင့်။
5♣ ရှိတာပေါ့။ နောက်အပတ် တစ်ပတ်လုံး သတိထားပါ။
6♣ ကိုယ့်ဘာသာ နမော်နမဲ့ နိုင်တာကြောင့်။
7♣ ရှိတယ် . . .။ လေ့ကျင့်ခန်း မှန်မှန် မလုပ်ရင်ပေါ့။
8♣ အနီးဝန်းကျင်မှာ အန္တရာယ်မတွေ့ပါဘူး။
9♣ ရုတ်တရက် ရင်ကြပ်တာမျိုး ဖြစ်ကိန်းရှိတယ်။
10♣ ရှိတယ် . . .။ သစ္စာတရားကို လွန်ဆန်လို့။
J♣ ကိုယ် ကိုယ်တိုင် အသုံးမကျတာကြောင့် ဖြစ်ရတာမျိုး။
Q♣ ကိုယ့်ကိုပေးတဲ့ အကြံဉာဏ်အတိုင်းသာလုပ်။ အဆင်ပြေသွားမယ်။
K♣ အန္တရာယ်ဆိုလို့ မြူမှုန်တောင်မရှိပါဘူး။

A♠ ရှိတယ် . . .။ ကြီးကြီးမားမား ကြုံရတတ်တယ်။
2♠ အန္တရာယ်က မကြာခင် လွတ်မြောက်သွားမှာပါ။
3♠ ကြောက်စရာ မရှိပါဘူး။
4♠ အင်္ဂတေ ကွာကျခြင်း။
5♠ စိတ်ဂနာ မငြိမ်တာကြောင့်။
6♠ ပူအိုက်တဲ့ ဒေသနှင့် ရာသီဥတုကိုရှောင်ပါ။
7♠ နွေးနွေးထွေးထွေး ဝတ်ထားပါ။ မဟုတ်ရင် အန္တရာယ်ရှိတယ်။
8♠ မရှိပါဘူး . . .။ အသေးကို ပုံပြီးတော့မချဲ့ပါနှင့်။
9♠ ဦးခေါင်း ထိခိုက်မှု အန္တရာယ်ရှိတယ်။
10♠ သွားဆရာဝန်ထံ ရောက်ရတတ်တယ်။
J♠ လိမ်လည်ကစားတာကြောင့် ဖမ်းဆီးမိနိုင်တယ်။
Q♠ တစ်ဦးတစ်ယောက်ကို အထပ်ထပ်အခါခါ သိက္ခာချခြင်း လုပ်ရင်ပေါ့။
K♠ လေကြီးမိုးကြီး ပြောတာမျိုး၊ ကြွားဝါတာမျိုးကြောင့်။

## နေအိမ်မှာ ဒုက္ခရောက်ရခြင်း အကြောင်းရင်းကဘာလဲ

A♦ မိသားစုဝင် အငယ်ဆုံး။

2♦ လမ်းကြောင်းမှားပြီး ရောက်လာတဲ့စာ။

3♦ ငွေကြေး ပြတ်လတ်ခြင်း။

4♦ အိမ်တွင် ကူဖော်လောင်ဖက် ကင်းခြင်း။

5♦ တိတ်တိတ်ပုန်း အချစ်ရေး။

6♦ အဖိုးတန်ပစ္စည်း ပျောက်ဆုံးခြင်း။

7♦ နိုင်ငံရေး ခံယူချက် ကွဲလွဲခြင်း။

8♦ သံသယ ဖြစ်ခြင်း။

9♦ အချိန်မတိကျခြင်း။

10♦ ညာလုံး လိမ့်လုံးများခြင်း။

J♦ အိမ်တွင် ကြာလွန်းမကြာတဲ့ ဧည့်သည်တစ်ယောက်။

Q♦ ပေးဆပ်ရန် ကြွေးမြီစာရင်း။

K♦ အချိန်နှောင်းခြင်း။

A♥ စိတ်ထိခိုက် ခံစားလွယ်လွန်းခြင်း။

2♥ ကြောက်စိတ်။

3♥ အိမ်တွင်းရေး အရှုပ်တော်။

4♥ အရက်သေစာ သောက်စားများခြင်း။

5♥ အိမ်ထောင်ဦးစီး အိမ်၌ ကြာမြင့်စွာမရှိခြင်း။

6♥ ပတ်ဝန်းကျင်။

7♥ ပျင်းရိခြင်း။

8♥ ဖောက်ထွင်း ခိုးယူခြင်း။

9♥ သင်က သူတစ်ပါးကို ရန်စလွန်းခြင်း။

10♥ ချိုးရေ မရှိခြင်း။

J♥ အကြားအမြင်နည်းခြင်း။

Q♥ သူတပါးဝင်ရောက်စွက်ဖက်ခြင်း။

K♥ အသံ ဆူလောင်ခြင်း။

## နေ့အိမ်မှာ ဒုက္ခရောက်ရခြင်း အကြောင်းရင်းကဘာလဲ

A♣ အိမ်မှာ မိန်းမအရေးအတွက် များလွန်းခြင်း။
2♣ အယူအဆ ကွဲလွဲခြင်း။
3♣ ပြိုင်ဆိုင်မှု။
4♣ မနာလိုဝန်တိုခြင်း။
5♣ အိမ်မှာ ဒုက္ခရောက်စရာ အကြောင်း မရှိပါဘူး။
6♣ ရှေးဆန်လွန်းတဲ့ သက်ကြီးရွယ်အိုတစ်ယောက်။
7♣ အိမ်မှုကိစ္စမှာ အကူအညီ ကင်းခြင်း။
8♣ ဆိတ်ဆိတ်နေပြီး ဆန့်ကျင်ခြင်း။
9♣ ကတိ ဖောက်ဖျက်ခြင်း။
10♣ သူတပါးကို ငဲ့လွန်းခြင်း။
J♣ တာဝန်သိတတ်လွန်းခြင်း။
Q♣ ရက်ရောလွန်းခြင်း။
K♣ စိတ်ညစ်စိတ်ကျဖြစ်ခြင်း။

A♠ အရိုအသေတန်ခြင်း။
2♠ သင့်ရဲ့ အရေးမစိုက်တတ်တဲ့ သဘောထား။
3♠ အဖြစ်သည်းခြင်း။
4♠ ရာသီဥတု ဒဏ်။
5♠ မဖြစ်မနေ ပြောင်းလဲရန် လိုအပ်ချက်။
6♠ ဝင်ရောက်စွက်ဖက်နေတဲ့ သူစိမ်းတစ်ယောက်။
7♠ ပျင်းရိခြင်း။
8♠ အသံဆူညံခြင်း။
9♠ သင်က အများတကာကို စတင် တိုက်ခိုက်မှုလွန်ကဲခြင်း။
10♠ ပြိုင်တူ အသုံးပြုလိုခြင်း။
J♠ အကြောင်းရင်းကို သိအောင်မလုပ်ခြင်း။
Q♠ အတွင်းရန် ရှိခြင်း။
K♠ တိတ်တဆိတ် ကြံစည်ခြင်း။

## လူနာ နေပြန်ကောင်းမှာလား

A♦ ကောင်းမှာပါ။
2♦ တစ်ပတ်လောက် စိတ်ဆင်းရဲပြီးရင်ပေါ့။
3♦ နေမကောင်းတာ အပယိကပါ။
4♦ သတင်းကောင်းကြားရမှာပါ။
5♦ ထင်ထားတဲ့အတိုင်း မဟုတ်ဘူး။
6♦ နေရာဒေသအပြောင်းအလဲကလေးလိုတယ်။
7♦ လူနာက ပြောစကားဆိုစကား နားထောင်ရင်ပေါ့။
8♦ ကောင်းကောင်းပြုစုစောင့်ရှောက်ဖို့လိုတယ်။
9♦ အချိန်တော့ ပေးရလိမ့်မယ်။
10♦ ပတ်ဝန်းကျင်က ဝိုင်းဝန်းစောင်မပါလိမ့်မယ်။
J♦ ကျန်းမာလာပါပြီ။
Q♦ စိတ်ဓာတ်မကျပါနှင့်။
K♦ အသက်ရှိနေသေးသ၍ မျှော်လင့်ချက်ရှိတယ်။

A♥ ပြောစကား ဆိုစကားကို လိုက်နာရင် သက်သာမှာပါ။
2♥ အခြေအနေကောင်းပါတယ်။
3♥ မကြာခင် ကောင်းသွားမှာပါ။
4♥ အချိန်ကလေး တစ်ချိန်အတွင်းပါ။
5♥ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရင်ပေါ့။
6♥ အားဆေးအရေးကြီးနေတယ်။
7♥ အမြန်ကျန်းမာလာမှာပါ။
8♥ အံ့ဘနန်း ကျန်းမာလာတော့မှာ။
9♥ ခုနေ အရေးစိုက်ပေးပါ။
10♥ စောင့်လိုက်ပါဦး။ ကောင်းသွားမှာပါ။
J♥ တစ်ရက်နှစ်ရက်ကြာရင် ပိုသက်သာသွားမယ်။
Q♥ ဖြည်းဖြည်းချင်း သက်သာနေပါတယ်။
K♥ ကျန်းမာလာတော့မှာပါ။

## လူနာ နေပြန်ကောင်းမှာလား

A♣ အများကြီး ကောင်းမွန်တိုးတက်သွားပြီ။
2♣ ကောင်းမှာပါ။
3♣ တဖြည်းဖြည်းချင်း။
4♣ ကောင်းကောင်း အနားယူဖို့လိုတယ်။
5♣ ပတ်ဝန်းကျင်ကြောင့် သက်သာကောင်းမွန်သွားမှာပါ။
6♣ ပြန်နေကောင်းသွားမှာပါ။
7♣ စိတ်ဓာတ်ရေးရာ တိုးတက်ဖို့ပဲလိုတယ်။
8♣ ဘာမှ မစိုးရိမ်ပါနှင့်။
9♣ ရောဂါမပြင်းထန်ပါဘူး။
10♣ အပယိကရောဂါပါ။
J♣ မကြာခင်ပျောက်သွားမှာပါ။
Q♣ ရောဂါသက်သာလာနေတယ်။
K♣ တစစ တိုးတက်ကောင်းမွန်နေတယ်။

A♠ ရောဂါသက်သာစ ပြုနေပါပြီ။
2♠ စိုးရိမ်ရတဲ့ အခြေအနေလွန်သွားပြီ။
3♠ လူနာပြန်နေကောင်းစပြုနေပါပြီ။
4♠ တိုက်ပွဲကို အနိုင်ရဖို့က အကြာကြီး တိုက်ရဦးမယ်။
5♠ အချိန်က ကုစားပေးပါလိမ့်မယ်။
6♠ မျှော်လင့်ထားတာထက်တောင် စောပြီး သက်သာဦးမယ်။
7♠ ရုတ်တရက် သက်သာသွားလိမ့်မယ်။
8♠ ခု အခြေအနေဆိုးနေရင်တောင် မစိုးရိမ်ပါနှင့်။
9♠ စိုးရိမ်စရာမရှိပါဘူး။
10♠ တောင်ပေါ်လေကို ရှူရှိုက်ရင် အမြန်သက်သာမယ်။
J♠ အစားအသောက်ကို ဂရုစိုက်ကျွေးပေးပါ။
Q♠ ရောဂါသက်သာနေပါတယ်။
K♠ ပြန်လည်နေကောင်းမှာ သေချာပါတယ်။

## နက်ဖြန် ကံကောင်းမှာလား

A♦ အကြွင်းမဲ့တော့ မဟုတ်ဘူး။

2♦ ကံကောင်းမယ်။

3♦ သည်းခံပေးပါ။

4♦ အခွင့်အလမ်းကောင်းပါတယ်။

5♦ အလားအလာအားလုံးကောင်းတယ်။

6♦ ကံယုံပြီး ဆူးပုံမနင်းနှင့်နော် . . . ။

7♦ မိတ်ဆွေတစ်ယောက်ကို တက်တက်ကြွကြွ ကူညီလိုက်။

8♦ ဆန်းသစ်တဲ့အတွေ့အကြုံတစ်ခုတော့ ရမှာပေါ့။

9♦ တစ်ဝက်တစ်ပျက်ဆိုပါတော့။

10♦ လာဘ်ကောင်းမှာပါ။

J♦ တိတ်တဆိတ်သည်းခံပြီး စောင့်လိုက်ဦး။

Q♦ နက်ဖြန်မှာ ကံကတော့ ပြောင်းလဲမှာပါ။

K♦ မိတ်သစ်ဆွေသစ်ကို ကြည့်ပေါင်း။

A♥ အတိုင်းအတာတစ်ခုအထိ ဆိုပါတော့။

2♥ ခြေကျိုးနေတဲ့သူတစ်ယောက် ခေါ်သံကြားရင် ကံကောင်းပြီမှတ်။

3♥ ဖြစ်နိုင်ရင် . . . အိမ်ပြင်တောင်မထွက်ပါနှင့်။

4♥ သူငယ်ချင်းတွေနှင့် အပြင်ကိုထွက်ပါ။ တစ်ဦးတည်းမသွားနှင့်။

5♥ စွန့်စားစရာတစ်ခု တွေ့ကြုံရမယ် . . . သတိထားပါ။

6♥ တစ်ရက်နှစ်ရက်လောက် သတိထားပြီးနေ . . . ။

7♥ တကယ်ကံကောင်းမှာပါ။

8♥ သိပ်တွေ့ချင်နေတဲ့သူနှင့် တွေ့ရမယ်။

9♥ အိမ်ပြင်မှာ ထွက်စားမှာဆိုရင်တော့ . . . အိမ်က စောစောထွက်။

10♥ သိပ်ပြီး အလျင်စလို မလုပ်ပါနှင့် . . . ။ ကံခေတဲ့နေ့ ဖြစ်နိုင်တယ်။

J♥ ကံကောင်းမှာပါ။

Q♥ စီးပွါးရေးအတွက်ဆိုရင်တော့ ကံကောင်းမယ်။

K♥ တိုက်ရိုက်ကြီးမဟုတ်ဘဲ၊ တစ်နည်းတစ်လမ်းတော့ ကံကောင်းမယ်။

## နက်ဖြန်ကံကောင်းမှာလား

A♣ နက်ဖြန် တစ်ယောက်တည်းသာသွား။
2♣ လေ့ခါးအောက်တွေကို သတိထားသွား။
3♣ ခရီးသွားမှာဆိုရင် သိပ်ကောင်းတယ်။
4♣ ကံအသင့်အတင့်တော့ ကောင်းပါတယ်။
5♣ ကံခေမယ့်နေ့ပဲ။
6♣ ကူးသန်းသွားလာရေးအတွက်တော့ ကောင်းတယ်။
7♣ အစီအစဉ်တွေ အကောင်အထည်မဖော်နှင့် . . . ပျက်စီးမယ်။
8♣ မမျှော်လင့်တဲ့ ဧည့်သည်ကြောင့် ကံကောင်းမယ်။
9♣ အလားအလာကောင်းပါတယ်။
10♣ ရေအနီးအနားကို မသွားပါနှင့်။
J♣ အောင်မြင်မှာပါ။
Q♣ အလားအလာကောင်းတွေ ဆီးကြိုနေတယ်။
K♣ အသေးအဖွဲ ဆုံးရှုံးမှုလေးတွေကြောင့် စိတ်စနောင့်စနင်းမဖြစ်နှင့်။

A♠ ရည်မှန်းချက် မြင့်မြင့်ထားပါ။
2♠ ဂရုတစိုက်သွားနော် . . . ။
3♠ အောင်မြင်မှာပါ . . . ။ တကယ်အလားအလာကောင်းနေပြီပဲ။
4♠ ဒီနေ့ နေဝင်သွားပြီဆိုရင် သင်ကံကောင်းပြီ။
5♠ ဆန့်ကျင်ဘက်လိင်ကိစ္စဆိုရင် . . . ကံကောင်းမယ်။
6♠ ကြီးကြီးမားမား အပြောင်းအလဲတွေ မလုပ်နှင့်ဦး။
7♠ အလားအလာ မကောင်းဘူး။
8♠ ပျော်ရွှင်ရခြင်းတွေ ပြည့်နှက်နေမယ့် နေ့တစ်နေ့ပါပဲ။
9♠ ဟုတ်တယ် . . . ။ အိပ်ရာက စောစောထရင်ပေါ့ . . . ။
10♠ ငြိမ်းအေးနေမှုကို အနှောင့်အယှက် မပြုရင် ပိုကောင်းတယ်။
J♠ ကံကောင်းလည်း မလွှမ်းလောက်ပါဘူး။
Q♠ ဘဝတစ်သက်တာ ကံအခွင့်အလမ်းပွင့်သွားမယ်။
K♠ ဦးခေါင်း ငုံ့လျှိုးထားတာတောင် အရွှေးခံရမယ် . . . ။

## ကံကောင်းအောင် ဘာဆောင်ရမှာလဲ

A♦ ဦးခေါင်းမှာ ပန်းပန်ထားပါ။
2♦ ဝက်ဝံရုပ် တစ်ရုပ်။
3♦ ရွှေဒင်္ဂါးပြား တစ်ပြား။
4♦ ကျောက်နီတစ်ပွင့်။
5♦ ရှေးဟောင်းပစ္စည်းတစ်ခုခု။
6♦ သံလွင်သားနှင့် လုပ်ထားတဲ့ သေတ္တာ။
7♦ ဇီးကွက်ရုပ်။
8♦ သားရေနှင့် လုပ်ထားတဲ့ ပိုက်ဆံအိတ်။
9♦ ငွေထည်ပစ္စည်း။
10♦ ဖိနပ်ပြောင်းစီးလိုက်ပါ။
J♦ အသည်းပုံ လော့ကက်သီး။
Q♦ နှင်းဆီ အနီရဲရဲတစ်ပွင့်။
K♦ ရွှေငါးတစ်ကောင်မွေးပါ။

A♥ ပန်းပေါင်းနံ့ ရေမွှေးကို ဆောင်ပါ။
2♥ ခဲတံတစ်ချောင်း ဆောင်ထားပါ။
3♥ ပိုးလက်ကိုင်အိတ် ဆောင်ပါ။
4♥ အပြာရောင်ဖျော့ဖျော့ အဝတ်အစားဝတ်ပါ။
5♥ အိမ်တွင် ခွေးတစ်ကောင်မွေးပါ။
6♥ ကြေးလက်ကောက် ဝတ်ဆင်ပါ။
7♥ သလင်းကျောက်ဆောင်ပါ။
8♥ ဘိုးဘွားအမွေတစ်ခုခုဆောင်ပါ။
9♥ စစ်သည်တော်ရုပ် သေးသေးဆောင်ထားပါ။
10♥ လဗင်ဒါရေမွှေးကို သုံးပါ။
J♥ မိခင်အသုံးပြုခဲ့တဲ့ ပစ္စည်းတစ်မျိုးမျိုး ဆောင်ပါ။
Q♥ နိုင်ငံခြားဖြစ် ရှေးဟောင်းပစ္စည်းတစ်ခုခု။
K♥ လက်ကိုင်အိတ် ပြောင်းကိုင်ပါ။

## ကံကောင်းအောင် ဘာဆောင်ရမှာလဲ

A♣ ရက်တိုခရီးထွက်ပေးပါ။
2♣ ငွေလက်စွပ်တစ်ကွင်း။
3♣ ခရမ်းရောင် အဝတ်အစားဝတ်ပါ။
4♣ စာအိတ်တစ်အိတ်။
5♣ သားရေ စစ်စစ်နှင့် လုပ်တဲ့ဖိနပ် စီးပါ။
6♣ တူရိယာပစ္စည်းထည့်တဲ့သေတ္တာ။
7♣ အပင်သေးသေးတစ်ပင် ဆောင်ထားပါ။
8♣ အင်္ဂလိပ်အက္ခရာ H အိတ်ချ် အမှတ်အသား။
9♣ စက္ကူဖိတဲ့ ဖန်လုံးတစ်လုံး။
10♣ ရှေးဟောင်းပစ္စည်းတစ်မျိုးမျိုး။
J♣ အစိမ်းရောင်ရင့်ရင့် ဆွယ်တာအကျီ်။
Q♣ ပယင်းကိုဆောင်ပါ။
K♣ နေရောင်ကာ မျက်မှန်မတပ်ပါနှင့်။

A♠ ကလေးကစားစရာ ယမင်းရုပ်တစ်ရုပ်။
2♠ ဘောပင်တစ်ချောင်းချောင်း။
3♠ ကောက်ရတဲ့ ပစ္စည်းတစ်ခုခု။
4♠ ရထားပေါ် တက်ပြီး ပြန်ဆင်းပါ။
5♠ ဂန္ဓမာပန်း။
6♠ နံ့သာတိုင် ထွန်းထွန်းပေးပါ။
7♠ ပေါင်ဒါဘူးလေးတစ်ဘူး။
8♠ မဟူရာကျောက်။
9♠ အနီရောင်ရှိတဲ့ကျောက်။
10♠ လူစည်ကားရာ ရှေးဟောင်းနေရာကို အလည်သွားပါ။
J♠ နေ့စဉ်မှတ်တမ်းစာအုပ်တစ်အုပ်။
Q♠ ငွေဒင်္ဂါးပြားတစ်ပြား။
K♠ စက္ကူဖိ ဖန်လုံးတစ်လုံး။

အပျင်းပြေသဘောမျိုး ဗေဒင်မေးမယ်ဆိုရင်လည်း
အပျင်းပြေသဘောဆောင်မယ့် -

ကိစ္စတစ်ခုခုအတွက် အလေးအနက်ထားပြီး
စူးစမ်းမေးမြန်းတိုင်ပင်မယ်ဆိုရင်လည်း
အံ့သြစရာကောင်းလောက်အောင်အထောက်အကူရစေမယ့် -

တွက်ချက်စရာမလိုဘဲ ရိုးရှင်းစွာအသုံးပြုနိုင်တဲ့ -

ရှေးဟောင်းဂျစ်ပ်စီလူမျိုးတို့ရဲ့ ရိုးရာဗေဒင်ပညာ

# ဂျစ်(ပ်)စီဗေဒင်

သွားရင်းလာရင်း မိမိရဲ့
-အချစ်ရေး
-ဘဝ
-ကံအခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီး
သိချင်တဲ့အချက်တွေကို ကိုယ်တိုင် အမြန်ဆုံးသိနိုင်မယ်။